# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၂၉၄)


## မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ - ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကျင်းပ

### မြန်မာနိုင်ငံအနေဖြင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန် စနစ်တကျမြှင့်တင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ ကျင်းပသည့် မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (Tastes of the Golden Land-2026) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးထွန်းအုံနှင့် ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များ


စာမျက်နှာ ၃ ကော်လံ ၁ ❖




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲတွင် ပြသထားသည့် ပြခန်းများနှင့် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## အင်တာနက်ဝန်ဆောင်မှု ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်

ရန်ကုန် ဇူလိုင် ၂၅

ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိထားသည့် အင်တာနက်ကုမ္ပဏီများအနေဖြင့် ဝန်ဆောင်မှုပျက်ကွက်ပါက သုံးစွဲသူပြည်သူများမှ တိုင်ကြားနိုင်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးချမ်း၏ အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်စစ်ဆေးထုတ်ပြန်ပေးရေးနှင့်


စာမျက်နှာ ၄ ကော်လံ ၁ ✪


**ယနေ့ သတင်းအညွှန်း**

### နိုင်ငံသားတိုင်းသိထားသင့်သော အခွန်ဆိုင်ရာ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ


ဆောင်းပါး စာ ၆


---

### နိုင်ငံတော်၏ အခြေခံစီးပွားရေးမဏ္ဍိုင်နှင့် MSME အခန်းကဏ္ဍ


ဆောင်းပါး စာ ၁၂


## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများ ကလေးမြို့သို့ ရောက်ရှိ



မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများ ကလေးမြို့သို့ ရောက်ရှိစဉ်။

ဟားခါး ဇူလိုင် ၂၅

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် ဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါဝင်ဖွဲ့စည်းထားသည့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များသည် ချင်းပြည်နယ်သို့ အလှည့်ကျသွားရောက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာ နယ်မြေဒေသများအရောက် ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ပေးပို့ထောက်ပံ့သော ခေါက်ဆွဲခြောက်နှင့် စားသောက်ကုန်ခြောက်မျိုးစုံပါ အထုပ် ၁၃၂ ထုပ်၊


စာမျက်နှာ ၄ ကော်လံ ၅ ❍


## သနပ်ပင်မြို့နယ် ကျွန်းကြီးကျေးရွာ၌ မိုဘိုင်းစခန်းသစ်ဖွင့်

သနပ်ပင် ဇူလိုင် ၂၅

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တည်ဆောက်ပြီးစီးသည့် မိုဘိုင်းစခန်းသစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး(အရှေ့) သနပ်ပင်မြို့နယ် ကျွန်းကြီးကျေးရွာရှိ မိုဘိုင်းစခန်းရှေ့၌ ကျင်းပသည်။


စာမျက်နှာ ၄ ကော်လံ ၅ ❑




## မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)သုံးစွဲခွင့်ပြုထားသည့် YBS ခရီးသည်တင်ယာဉ်(၁၀)စီး သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ပြေးဆွဲမှုမရှိဘဲ စက်ရုံများတွင် ဖယ်ရီပြေးဆွဲနေသည့်အတွက် ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့်ပိတ်သိမ်းအရေးယူ

နေပြည်တော် ဇူလိုင် ၂၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူများ ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရရှိစေရေးအတွက် YBS ခရီးသည်တင်ယာဉ်များနှင့် Taxi ယာဉ်များကို ဦးစားပေး၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG) အား ၁ ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ အဆိုပါဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက လွန်စွာသက်သာမှုရှိသည့်အပြင် အာရှနိုင်ငံများထဲတွင် ဈေးနှုန်းအချိုသာဆုံးဖြစ်သည်။


စာမျက်နှာ ၄ ကော်လံ ၁ ◆


## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်



နေပြည်တော် ဇူလိုင် ၂၅

ယနေ့ ညနေ ၃ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက်နှစ်ရက်အတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

မြန်မာ့အလင်း

# အလေးထားလိုက်နာကြရမည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ

မြန်မာ့မီးရထားသည် လာမည့် ၂၀၂၇ ခုနှစ်ဆိုလျှင် နှစ်ပေါင်း ၁၅၀ တင်းတင်းပြည့်ပြီဖြစ်သည်။ အရှေ့တောင်အာရှတွင် သက်တမ်းအရင့်ဆုံးဖြစ်ရာ မြန်မာတို့ရထားစီးခဲ့ကြသည်မှာ ကျန်အရှေ့တောင်အာရှနိုင်ငံသားတို့ထက် ပို၍စောခဲ့သည်။ ရှေးယခင်က မီးခိုးတလူလူနှင့် ရေနွေးငွေ့ရထားစက်ခေါင်းကြီးများစီး၍ ခရီးသွားခဲ့ကြရသည်။ ယင်းနောက် ဒီဇယ်ရထားများဖြင့် ဆယ်စုနှစ်ပေါင်းများစွာသွားခဲ့ကြရပြန်သည်။

မကြာသေးမီကမူ ခေတ်မီရထားတွဲဆိုင်းများ၊ ရထားလမ်းများ၊ အချက်ပြစနစ်များ၊ ဘူတာများစသည်ဖြင့် ရထားစနစ်တစ်ခုလုံးကို အဆင့်မြှင့်တင်ခဲ့သလို ရထားလက်မှတ်ဝယ်ယူသည့်စနစ်ကိုပါ အီး-တိကက် (အွန်လိုင်း) စနစ်သို့ ပြောင်းလဲလာနိုင်ခဲ့ခြင်းကြောင့် မြန်မာ့မီးရထားတစ်ခေတ် ဆန်းသစ်လာခဲ့သည်။ ယင်းစနစ်ကြောင့် ရထားလက်မှတ်ကို တကူးတကသွားရောက်ဝယ်ယူရန်မလိုတော့ဘဲ လက်ကိုင်ဖုန်းမှတစ်ဆင့် အလွယ်တကူဝယ်ယူနိုင်လာသည်။ လေအေးပေးစက်တပ်ဆင်ထားသည့်ခေတ်မီရထားတွဲများမှာလည်း ယခင်ကစီးခဲ့ရသည့်တွဲများနှင့် နှိုင်းယှဉ်ပါက များစွာကွဲပြားခြားနား အဆင့်မြင့်သွားခဲ့ပြီဖြစ်သည်။ သန့်စင်ခန်းများသည်ပင်လျှင် လေယာဉ်ပေါ်မှသန့်စင်ခန်းများသဖွယ်ဖြစ်သကဲ့သို့ ရထားဝန်ထမ်းများက စနစ်တကျ စစ်ဆေးထိန်းသိမ်းနေကြသည်ကိုလည်း တွေ့ရသည်။

ရထားများကို အမြန်နှုန်းမြှင့်တင်ခုတ်မောင်းနိုင်ရန်အတွက် လမ်းများကိုပါ အဆင့်မြှင့်တင်ရခြင်းဖြစ်ပြီး ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် ရှေးဦးစွာ၊ ထို့နောက် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် DEMU ခေတ်မီရထားများဖြင့် ခရီးသွားနိုင်ကြပြီဖြစ်သည်။ ရထားအသစ်များမှာ သန့်ရှင်းလှပပြီး ခုတ်မောင်းချိန်လျှော့ချနိုင်ခြင်း၊ လိုရာခရီးသို့ အချိန်မကုန်ဘဲ ရောက်ရှိနိုင်ခြင်း၊ မော်တော်ယာဉ်လိုင်းများထက် ကုန်ကျစရိတ်သက်သာခြင်း၊ လက်မှတ်ဝယ်ယူမှု လွယ်ကူခြင်း စသည့်အကြောင်းများကြောင့် မီးရထားဖြင့်ခရီးသွားသူများ ပြန်လည်များပြားလာသည်။ တစ်ချိန်တည်းမှာပင် မီးရထားကိုအကြောင်းပြု၍ ဥပဒေနှင့်ငြိစွန်းမှုများ ဖြစ်ပွားလာကြသည်ကိုလည်း တွေ့ရသည်။

မြန်မာ့ရထားစနစ်ကြီးတစ်ခုလုံးတွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းခဲ့သော ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေက လွှမ်းခြုံထားသည်။ ဥပဒေရှိနေလျှင် ထိုဥပဒေကို မိမိမသိပါဟု မည်သူမျှငြင်းဆို၍မရ။ ဥပဒေကို တစ်စုံတစ်ရာချိုးဖောက်မိပါက ပြစ်မှုထင်ရှားလျှင် ဥပဒေနှင့်အညီ အရေးယူခံကြရမည်ဖြစ်သည်။ ပြစ်မှုအလိုက် ပြစ်ဒဏ်များရှိရာ ကြီးလေးသည့်ပြစ်ဒဏ်များအထိ ရှိနေသည်ကို ဂရုပြုကြရန်လိုသည်။ သို့ဖြစ်ရာ ရထားလမ်းဘေးဝဲယာများတစ်လျှောက်ရှိ မြို့၊ ရွာ၊ ရပ်ကွက်များတွင် အများပြည်သူနှင့်သက်ဆိုင်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပညာပေးမှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

ဥပဒေပါတားမြစ်ချက်များတွင် ရထားယာဒ်ဝင်းများ၊ ရထားလမ်းများပေါ်တွင် တိရစ္ဆာန်များမောင်းနှင်ခြင်း၊ ကျော်နင်းဝင်ရောက်စေခြင်း၊ လွတ်ကျောင်းခြင်းများမပြုရန်၊ ရထားလမ်းပေါ်သို့ သစ်တုံး၊ ကျောက်ခဲ၊ ပစ္စည်းတစ်စုံတစ်ရာတင်ထားခြင်း၊ ပစ်ချထားခြင်း၊ ရထားကိုတစ်စုံတစ်ရာဖြင့်ပစ်ပေါက်ခြင်း သို့မဟုတ် အခြားတစ်စုံတစ်ရာပြုလုပ်ခြင်း၊ ရထားလမ်းရှိ ဇလီဖားတုံး၊ လမ်းနှင့်ဆက်စပ်သည့်အရာများကို အနေအထားပျက်ပြားစေရန် ပြုလုပ်ခြင်းတို့အပါအဝင် ရထားလမ်း၊ ရထားများနှင့်ပတ်သက်သည့် ဥပဒေချိုးဖောက်မှုတို့ကို ရထားလမ်းနယ်နိမိတ်အနီး နေထိုင်ကြသူများ မပြုမိစေရန် ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ရထားစီးခရီးသည်များသည်လည်း ရထားစတင်ထွက်ခွာစဉ် ရထားပေါ်သို့ခုန်တက်ခြင်း သို့မဟုတ် ရထားမရပ်မီခုန်ဆင်းခြင်း၊ ရထား အမိုး၊ အကာ၊ ခြေနင်း၊ တွဲများကြားနှင့် သတ်မှတ်ခွင့်ပြုချက်မရှိသောနေရာများတွင် စီးနင်းလိုက်ပါခြင်း၊ ရထားပေါ်တွင် အခြားသူကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ တာဝန်ရှိရထားဝန်ထမ်းကို ဝတ္တရားနှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း၊ အနိုင်အထက်ပြုခြင်း၊ ဆေးလိပ်သောက်ခွင့်မရှိသောဘူတာနေရာများ၊ တွဲများပေါ်တွင်ဆေးလိပ်သောက်ခြင်း စသည်တို့ကို ဂရုပြုရှောင်ရှားကြရန်လိုသည်။ ယခုဖော်ပြခဲ့သည်တို့မှာ အများကျူးလွန်လေ့ရှိကြသည့် အပြုအမူအချို့သာဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်များမှာ ပိုမိုကျယ်ပြန့်များပြားသည်ကို သတိပြုရမည်ဖြစ်သည်။

ရထားဥပဒေပါပြစ်ဒဏ်များမှာ ပြစ်မှုအပေါ်လိုက်၍ ထောင်ဒဏ်နှစ် ၂၀၊ ၁၀ နှစ်၊ ၅ နှစ်မှသည် အနည်းဆုံး သုံးလအထိ ရှိနေပြီး ငွေဒဏ်လည်းပါရှိနေရာ ဥပဒေဟူသည် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးအတွက်ဖြစ်သည့်အလျောက် လူတိုင်းလေးစားလိုက်နာကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့် ကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၅-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆ - ၇ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၅၀ | ၃၄၉၀ | ၃၄၄၅ | ၃၃၆၅ | ၃၄၉၅ | ၃၅၁၀ | ၃၅၃၅ | ၃၄၃၀ | ၃၇၅၀ | ၃၇၉၀ | ၃၄၅၀ | ၃၅၅၀ | ၃၅၃၅ | ၃၄၉၅ | ၃၅၁၀ | ၃၇၅၀ |
| 95 Ron | ၃၄၆၀ | ၃၆၀၀ | ၃၅၅၅ | ၃၄၇၅ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၅ | ၃၅၄၀ | ၃၈၆၀ | ၃၉၀၀ | ၃၅၆၀ | ၃၆၃၅ | ၃၆၄၅ | ၃၆၀၅ | ၃၆၂၀ | ၃၈၆၀ |
| HSD (500 ppm) | ၃၅၆၀ | ၃၆၉၀ | ၃၆၅၀ | ၃၅၇၅ | ၃၆၉၅ | ၃၇၁၀ | ၃၇၃၅ | ၃၆၃၅ | - | ၃၉၈၀ | ၃၆၅၅ | ၄၀၈၀ | ၃၇၃၅ | ၃၆၉၅ | ၃၇၁၀ | ၃၉၄၀ |
| HSD (50 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | ၄၇၁၅ | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |
| HSD (10 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၆၇ | ၃၂၆၄ |
| 95 Ron | ၃၂၇၄ | ၃၃၇၃ |
| HSD (500 ppm) | ၃၃၈၀ | ၃၄၇၇ |
| HSD (50 ppm) | ၄၀၉၉ | ၄၂၁၀ |
| HSD (10 ppm) | ၄၀၉၉ | ၄၂၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - ခင်ရတနာ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

Online Newspaper

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၆၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့အရ ဒေါက်တာသောင်းနိုင် အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




❖ *ရှေ့ဖုံးမှ*

အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် အချက်အပြုတ် ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကပြဖျော်ဖြေ**

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “စားဖွယ်စုံလင် ပြည်တစ်ခွင်” သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးသည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာ အစားအသောက်များကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာ အစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသော အနက်အဓိပ္ပာယ်ရှိလှသည့် ပြိုင်ပွဲနှင့်ပြပွဲကြီး ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးက မိမိနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊အမျိုးသားရေးလက္ခဏာနှင့် သမိုင်းကြောင်းအစဉ်အလာများကို ဖော်ပြရာတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် အနုပညာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုများအပြင် အစားအသောက်ဆိုင်ရာ ယဉ်ကျေးမှု (Food Culture) သည်လည်း အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ မိမိတို့နိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးစုများအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများရှိသကဲ့သို့ ထူးခြားပြီး အရသာရှိလှသည့် ရိုးရာအစားအစာများကို ပိုင်ဆိုင်ထားသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထူးခြားပြီးဆွဲဆောင်မှုရှိသည့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံအတွင်းမှာသာမက ကမ္ဘာကသိအောင် ဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက် နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အခမ်းအနားဖြစ်မြောက်အောင် ပံ့ပိုးကူညီပေးခဲ့သည့် လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ -၂၀၂၆ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရိုးရာအစားအစာများ ဖော်ထုတ်မြှင့်တင်**

ဒေသအလိုက် ရိုးရာအစားအသောက်များသည် ခရီးသွားများ၏ ခရီးစဉ်ရွေးချယ်မှုတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း၊ ယနေ့ကာလတွင် အစားအသောက်ကို အကြောင်းပြုပြီး သွားလာလည်ပတ်သည့် ခရီးသွားလုပ်ငန်း တစ်နည်းအားဖြင့် Gastronomy Tourism သည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်လာသည်ကို တွေ့ရကြောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အလျင်အမြန် တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးရာအစားအစာများကို ထိရောက်စွာ ဖော်ထုတ်မြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံနှင့်ယှဉ်တွဲပြီး သိစေနိုင်မည့် အစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ အနေဖြင့်လည်း ထင်ရှားကျော်ကြားသည့် မြန်မာ့လက်ဖက်၊ ထမနဲ စသည့် ရိုးရာအစားအစာများကို ကမ္ဘာကသိရှိပြီး UNESCO က အသိအမှတ်ပြုခံရသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မိမိတို့ဒေသ၏ ရိုးရာအစားအစာများကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာ ရောက်သကဲ့သို့ ဟိုတယ်များ၊ စားသောက်ဆိုင် လုပ်ငန်းများသာမက စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း တိုက်ရိုက် အကျိုးကျေးဇူးရရှိစေနိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရာလည်းရောက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန် စနစ်တကျ မြှင့်တင်ဆောင်ရွက်ကြရန်အတွက် ယခုကဲ့သို့ မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကို စီစဉ်ကျင်းပရခြင်းလည်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲများမှတစ်ဆင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ အရသာရှိရှိ ချက်ပြုတ်ပြီး သန့်သန့်ရှင်းရှင်း၊ ဖွယ်ဖွယ်ရာရာ တည်ခင်းဧည့်ခံနိုင်ရန် ပြင်ဆင်တင်ဆက်မှုများ၊ စားဖိုမှူးများ၏ တီထွင်ဖန်တီးမှုများကို ဖော်ထုတ်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဝင်စားစရာကောင်းသည့် မြန်မာ့ရိုးရာအစားအစာများကတစ်ဆင့် မြန်မာနိုင်ငံကို နိုင်ငံတကာခရီးသွားများ ပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရန်အတွက် အထောက်အကူပြုဆွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု ပြိုင်ပွဲနှင့်ပြပွဲ အစီအစဉ်ကို မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်၌ နှစ်ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ အစားအစာများကို နိုင်ငံတကာအဆင့်မီ ချက်ပြုတ်တည်ခင်းဧည့်ခံနိုင်ရန် ပြိုင်ပွဲပြုလုပ်ရုံသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များက ဒေသထွက် အစားအစာများ၊ ကော်ဖီ၊ လက်ဖက် စသည့် ထုတ်ကုန်များကိုပါ တစ်နေရာတည်းတွင် ဝယ်ယူ စားသောက်နိုင်အောင် စီစဉ်ထားသည်ကို တွေ့ရှိရကြောင်း၊ အခမ်းအနားတက်ရောက်လာကြသူများအနေဖြင့် မြန်မာ့ရိုးရာ အစားအစာများ၏ ထူးခြားသည့် အရသာ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကို သိရှိခံစားနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားအတွက် အထောက်အပံ့ကောင်းများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အခမ်းအနားဖြစ်မြောက်အောင် Main Sponsor၊ Gold Sponsor နှင့် Silver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က Supporting Partner အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲယှဉ်ပြိုင်နေမှုရုပ်သံကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြခန်းများနှင့် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတကပြိုင်ပွဲတွင်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာ အစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကို ပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင်လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ပြိုင်ပွဲဝင်အဖွဲ့ ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၂၀ ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သန်လျင်မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

သန်လျင်မြို့နယ် တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျောင်းကုန်းဆိပ်ကြီး ကျေးရွာရှိ သန်လျင်မြို့နယ် တရားရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုတရား သူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်၍ ရုံးဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ယင်းနောက် IGE Land Co., Ltd. မှ Chief Operation Officer ဦးကျော်သက်က ရုံးအဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရုံးအဆောက်အအုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို သန်လျင်မြို့နယ်တရားသူကြီးထံသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်တရားသူကြီးက ကျေးဇူးတင်စကား ပြောကြားသည်။



အခမ်းအနား အပြီးတွင် ပြည်ထောင်စုတရားသူကြီးချုပ် နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။ **သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

**အာရှနိုင်ငံများ၏ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG) ဈေးနှုန်းများ နှိုင်းယှဉ်ချက်**

| စဉ် | နိုင်ငံအမည် | CNG 1 Kg ဈေးနှုန်း | |
|---|---|---|---|
| | | အမေရိကန်ဒေါ်လာ | မြန်မာကျပ် |
| ၁ | Myanmar | 0.0747 | 273.25 |
| ၂ | Thailand | 0.6000 | 2,194.80 |
| ၃ | Vietnam | 0.7900 | 2,889.82 |
| ၄ | China | 0.8000 | 2,926.40 |
| ၅ | India | 0.8600 | 3,145.88 |
| ၆ | Pakistan | 1.0800 | 3,950.64 |
| ၇ | Singapore | 3.8400 | 14,046.72 |



သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ပြေးဆွဲမှုမရှိသည့် YBS ခရီးသည်တင်ယာဉ်များ။

သို့ရာတွင် အချို့သော YBS ခရီးသည်တင်ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းမပြုဘဲ စက်မှုဇုန်များတွင် စက်ရုံဖယ်ရီပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ YBS ခရီးသည်တင်ယာဉ် ၁၀ စီးသည် စက်ရုံတွင် ဖယ်ရီပြေးဆွဲနေကြောင်း စိစစ်တွေ့ရှိရသည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အဆိုပါ YBS ခရီးသည်တင်ယာဉ် ၁၀ စီးအား ယနေ့မှစ၍ ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူခဲ့ပါသည်။ မော်တော်ယာဉ် ၁၀ စီး၏ နံပါတ်များအား CNG ဆိုင်များအားလုံးတွင် ကြေညာထားမည်ဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် CNG ဝယ်ယူခွင့်စာအုပ်ပါရှိသည့် ယာဉ်များကိုသာ ဓာတ်ငွေ့ဖြည့်သွင်းရောင်းချပေးခြင်းနှင့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Owner Book) တွင် CNG သုံးယာဉ်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)မှ CNG တံဆိပ်တုံးမှတ်ပုံတင်ပြီးမှသာ CNG ယာဉ် နှစ်ပတ်လည်သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

CNG ယာဉ်များအနေဖြင့် အခြားယာဉ်များသို့ တရားမဝင် CNG ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါကလည်း ကျူးလွန်သည့်ယာဉ်များအား ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူလျက်ရှိကြောင်းနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူလူထု သက်သာချောင်ချိရေးအတွက် အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းရှင်များကိုသာ CNG အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

---

# ဆန်စက်များနှင့် ဆန်စပါးအခြေခံကုန်ထုတ်လုပ်မှု စက်ရုံအလုပ်ရုံများအတွက် လျှပ်စစ်စွမ်းအင်ဆိုင်ရာ သိကောင်းစရာများ နည်းပညာဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီက ကြီးမှူးကျင်းပသည့် ဆန်စက်များနှင့် ဆန်စပါးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်ကို လုံခြုံစိတ်ချရပြီး ထိရောက်စွာ အသုံးချနိုင်ရေး၊ စွမ်းအင်ချွေတာရေးနှင့် နည်းပညာဆိုင်ရာ အသိပညာများ မျှဝေရန်ရည်ရွယ်ကျင်းပသည့် ဆန်စက်များနှင့် ဆန်စပါးအခြေခံကုန်ထုတ်လုပ်မှု စက်ရုံ၊ အလုပ်ရုံများအတွက် လျှပ်စစ်စွမ်းအင်ဆိုင်ရာ သိကောင်းစရာများ နည်းပညာဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်လုပ်ငန်းကျွမ်းကျင်သူများက လျှပ်စစ်ဆိုင်ရာဘေးအန္တရာယ်များဖြစ်သည့် ဓာတ်လိုက်မှုဖြစ်ပွားနိုင်ခြင်း၊ တပ်ဆင်မှုအရည်အသွေးမမီခြင်းနှင့် ကိုင်တွယ်မှုမှားယွင်းခြင်းကြောင့် မီးပွားထွက်ခြင်း၊ စက်ရုံအတွင်းထွက်ရှိသော ဖုန်မှုန့်များနှင့် လျှပ်စစ်မီးပွားများ ထိတွေ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားနိုင်ခြင်း၊ ပိုးမွှားသတ္တဝါများ၏ အန္တရာယ်ကြွက် (သို့မဟုတ်) ပိုးမွှားများက ထိန်းချုပ်ကြိုးများ၊ မော်တာကြိုးများနှင့် ကေဘယ်ကြိုးများကို ကိုက်ဖြတ်ရာမှ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုများ ဖြစ်ပွားနိုင်ခြင်း၊ ဖုန်မှုန့်နှင့် သတ္တဝါများအန္တရာယ်မှ ကာကွယ်ခြင်း စသည့်အကြောင်းများကို ဆွေးနွေးကြသည်။ **မျိုးမင်းသူရ**




---

❂ *ရှေ့ဖုံးမှ*

စာချုပ်ပါ စွမ်းရည်ထက် ကျဆင်းနေသည့် ကုမ္ပဏီများအား အရေးယူဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားစဉ် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ပြောကြားချက်အရ သုံးစွဲသူများအနေဖြင့် အင်တာနက်လိုင်းပြတ်တောက်မှုများ ကြုံတွေ့ရပါက သက်ဆိုင်ရာ ကုမ္ပဏီသို့ ရှေးဦးစွာအကြောင်းကြားရန်လိုအပ်ပြီး ဝန်ဆောင်မှု ပေးနိုင်ခြင်းမရှိဘဲ ပျက်ကွက်နေပါက သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

တိုင်ကြားလိုသူများအနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (PTD) ၏ အီးမေးလ်ဖြစ်သော complaint @ptd.gov.mm သို့လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ Consumer Call Center ဖုန်းနံပါတ် ၁၅၃၅ သို့လည်းကောင်း တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်မည်ဖြစ်သည်။

ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနသို့ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ရက်အထိ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားစာ စုစုပေါင်း ၂၂၀၀ ခု လက်ခံရရှိခဲ့ရာမှ ၂၁၉၂ မှုကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ရှစ်မှုကိုလည်း ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **TWA**

---

# မရမ်းကုန်းမြို့နယ်၌ “ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စန္ဒိမာခန်းမ၌ ယမန်နေ့နံနက်က “ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိန်းထွန်းက အမှာစကား ပြောကြားသည်။




ထို့နောက် ပြည်သူ့စကားဝိုင်းကို စတင်ဆွေးနွေးရာ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်က လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများနှင့် ပတ်သက်၍ လည်းကောင်း၊ ဘုရင့်နောင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်ဟိန်းက ရပ်ရွာအေးချမ်းသာယာရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးဇော်လတ်က ဥပဒေရေးရာနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ လည်းကောင်း အပြန်အလှန် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးခဲ့ကြသည်။

**ရဲရင့်သိန်းထွန်း**

■

---

○ *ရှေ့ဖုံးမှ*

ဂျပ်ဖာ ၁၄၅ ဖာ၊ စားဆီ ငါးလီတာဘူး ၃၆၈ ဘူးနှင့် နှစ်လီတာဘူး ၁၅ ဘူး စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၇၅၉၀ သည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကလေးမြို့သို့ ရောက်ရှိသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများနှင့်အတူ ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း လိုက်ပါသွားကြကြောင်း သိရသည်။ **သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

အဆိုပါ မိုဘိုင်းစခန်းသစ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပဲခူးတိုင်းဒေသကြီး မန်နေဂျာ၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် သနပ်ပင်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပဲခူးတိုင်းဒေသကြီးအတွင်း မိုဘိုင်းဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်မှုပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ မိုဘိုင်းစခန်းအသစ်လေးခုကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ တည်ဆောက်တပ်ဆင်ပြီး ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ **သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# (၁၅)ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏ အထွေထွေညီလာခံနှင့် (၄၇)ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့်အဖွဲ့ တက်ရောက်




**နေပြည်တော် ဇူလိုင် ၂၅**

ထိုင်းနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌ ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ်၏ သဘာပတိ တရားသူကြီးချုပ် H.E. Mr. Adisak Tantiwong ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏ အထွေထွေညီလာခံ၊ (၄၇) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်းအုပ်ချုပ်မှုကောင်စီအစည်းအဝေးနှင့် အာဆီယံဥပဒေရေးရာညီလာခံ ၂၀၂၆ တို့သို့ မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်အသင်း၏ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် အဖွဲ့ တက်ရောက်သည်။

အခမ်းအနားတွင် အာဆီယံဥပဒေပညာရှင်များအသင်း နာယက H.E. Tun Tengku Maimum binti Tuan Mat ကလည်းကောင်း၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E. Nararya S. Soeprapto ကလည်းကောင်း၊ ထိုင်းနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ တရားလွှတ်တော်၏ သဘာပတိ တရားသူကြီးချုပ် H.E. Adisak Tantiwong က လည်းကောင်း အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် အာဆီယံဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌများ၊ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများနှင့် ဥပဒေပညာရှင်များ တက်ရောက်သည်။

မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်အသင်း၏ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးပြောကြားရာတွင် အာဆီယံဥပဒေညီလာခံ ၂၀၂၆ ၏ ခေါင်းစဉ်မှာ "ပြည်သူလူထု၊ ကမ္ဘာ၊ လက်တွဲပူးပေါင်းမှု" (People. Planet. Partnership) ဖြစ်ကြောင်း၊ အဆိုပါညီလာခံ၌ အာဆီယံနိုင်ငံများအလိုက် သရုပ်ပြတရားခွင်ပြိုင်ပွဲများ ကျင်းပခြင်း၊ အာဆီယံ အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့အပြင် အာဆီယံ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံနိုင်ငံများအကြား လိုက်လျောညီထွတ်မှုရှိစေရေးနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ အာဆီယံဥပဒေပညာရှင်များအသင်းနှင့် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးအား ပူးတွဲကျင်းပခြင်း၊ ထို့ပြင် ဥပဒေရေးရာခေါင်းစဉ်များအလိုက် ဥပဒေနှင့် လိင်ခွဲခြားမှုမရှိခြင်း၊ ဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဥပဒေနှင့် စီးပွားရေး၊ ဥပဒေနှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးပွဲများ စသည်တို့ကို ကျင်းပခြင်းဖြစ်ကြောင်း၊ အခမ်းအနားနှင့် စကားဝိုင်းဆွေးနွေးပွဲများအား ကျင်းပခြင်းအားဖြင့် အာဆီယံနိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်မှ တရားရေးနှင့် ဥပဒေပညာရှင်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ မူဝါဒရေးဆွဲသူများ၊ တက္ကသိုလ်များမှ ဥပဒေရေးရာပညာရှင်များ၊ ဥပဒေကျောင်းသား ကျောင်းသူများအကြား ဥပဒေရေးရာစိန်ခေါ်မှုများ၊ ဥပဒေပြဿနာများကို ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဥပဒေရေးရာကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်၍ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အာဆီယံဥပဒေပညာရှင်များ အသင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၃ ခုနှစ်၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းအား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ အာဆီယံ ဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကာ အာဆီယံဥပဒေပညာရှင်များအသင်း၏ အခမ်းအနားများ၊ အစည်းအဝေးနှင့် အစီအစဉ်များတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရ၏ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေအရာရှိများအား ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး အများပြည်သူက ယုံကြည်အားထားရသော ဥပဒေအရာရှိများ ဖြစ်စေရန်၊ ဖြောင့်မတ်မှန်ကန်၍ မျှတသော တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဥပဒေအရာရှိကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ ထုတ်ပြန်လိုက်နာ ကျင့်သုံးလျက်ရှိကြောင်း၊ ရှေ့ပြေးဥပဒေရုံးများ (Pilot Law Office)မှ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးအတွက် အညွှန်းကိန်းတစ်ရပ်အနေဖြင့် ပြည်သူများ ယုံကြည်ကိုးစားမှုရရှိရန်လည်း အရေးကြီးသဖြင့် "ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" ခေါင်းစဉ်ဖြင့် မဟာဗျူဟာစီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဒဂုံတက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေး လှည့်လည်ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၂၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ရှိ အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ တက္ကသိုလ်အင်္ဂါရပ်နှင့် ညီညွတ်စေရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ရေစီးမြောင်းများတူးဖော်နေမှု၊ ငမိုးရိပ်ချောင်းသို့ ရေဖောက်ထုတ်နေမှု၊ ဒဂုံတက္ကသိုလ်ဘူတာ၊ ဒဂုံတက္ကသိုလ်၏ သင်ကြားရေးဇုန်၊ စီမံခန့်ခွဲရေးဇုန်၊ လူနေဇုန်၊ အားကစားဇုန်နှင့် စားသောက်ဆိုင်ခန်းများ၊ ပတ္တမြားအဝိုင်း ပြုပြင်ထိန်းသိမ်းမှု၊ ဘောလုံး အားကစားကွင်းများ ပြုပြင်ထိန်းသိမ်းနေမှု၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၏ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူများ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေအမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်း



များအပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနများနှင့် အမျိုးသမီးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် MYAN-WEN ၏ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ပြောကြားသည်။

ထို့နောက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဗီဒီယိုဖြင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၏ဥက္ကဋ္ဌ ဒေါက်တာစုလှဟန်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာကိုလည်းကောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင် ကျောင်း၌ ဝိသာခါဖောင်ဒေးရှင်းမှ အကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာတည်ဆောက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းက ကျင်းပသည့် "ရောင်စုံဝေဖြာ ပန်းရောင်ကမ္ဘာ" ရန်ပုံငွေဖျော်ဖြေပွဲသို့ တက်ရောက်အားပေး၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖျော်ဖြေပွဲဖြစ်မြောက်ရေးအတွက် အဓိကကူညီပံ့ပိုးပေးသော အလှူရှင်နှင့် ဝိုင်းဝန်းကူညီခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

ဇူလိုင် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံသားတိုင်းသိထားသင့်သော အခွန်ဆိုင်ရာအခွင့်အရေးနှင့် တာဝန်ဝတ္တရားများ

ခေတ်ဉာဏ်ထွန်း (Keio University)

**နံနက်ခင်း ပီတိအပြုံးနှင့် သတင်းကြေညာချက်**

နံနက်ခင်းနေရောင်ခြည်က မြို့ငယ်လေး၏ လမ်းမများပေါ်သို့ ရွှေရောင်သန်းလျက်ရှိပြီး လမ်းမပေါ်ရှိ “ရွှေပြည်စိုး” လက်ဖက်ရည်ဆိုင်မှာတော့ ပုံမှန်အတိုင်း လူစည်ကားနေဆဲ ဖြစ်သည်။

ဆိုင်၏ ထောင့်စွန်းစားပွဲတစ်လုံးတွင်တော့ ပွဲရုံလုပ်ငန်းရှင် ဦးဆန်းက သတင်းစာကို စိတ်ဝင်တစားဖတ်ရှုနေသည်။ ဦးဆန်း၏ဘေးတွင် ထိုင်နေသူကတော့ ၎င်း၏မိတ်ဆွေဖြစ်သူ ပါမောက္ခ ဦးကျော်လွင် ဖြစ်သည်။

ခဏအကြာတွင် ဦးဆန်းသည် သတင်းစာကို စားပွဲပေါ်သို့ အသာချလိုက်ပြီး ကျေနပ်ပီတိဖြင့် ပြုံးလိုက်သည်။ ထိုအပြုံးကို ဦးကျော်လွင်က သတိထားမိလိုက်ပြီး “သတင်းစာဖတ်ရင်း ပြုံးနေတာပဲ။ ဘာသတင်းထူးရှိလို့လည်း ကိုဆန်း ”ဟု မေးမြန်းလိုက်သည်။

ဦးဆန်းက သတင်းစာကို ဦးကျော်လွင်ဘက်သို့ လှည့်ပြရင်း–

“ဒီမှာလေ ဆရာ။ ကုန်ဈေးနှုန်းတည်ငြိမ်စေဖို့နဲ့ ကျုပ်တို့တောင်သူတွေ အဆင်ပြေစေဖို့အတွက် အစိုးရက အခွန်ကင်းလွတ်ခွင့်တွေ ဆက်ပြီး ခွင့်ပြုပေးမယ့်အကြောင်း ကြေညာထားတာဗျ” ဦးကျော်လွင်က သတင်းစာကိုယူဖတ်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလိုက်သည်။

“အော်... ဒီသတင်းကိုး။ ဒါက အစိုးရက ပြည်သူ့အကျိုးကို ရှေ့တန်းတင်ပြီး စဉ်းစားဆောင်ရွက်ပေးတာပဲဗျ” ဟု ထောက်ခံစကားဆိုလိုက်သည်။

**စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်**
**နိုင်ငံတော်၏ အခွန်ကင်းလွတ်ခွင့်များ**

ဦးကျော်လွင်က သတင်းစာကို အာရုံစိုက်ဖတ်ရင်း ဆက်လက်ရှင်းပြသည်။

**“ကိုဆန်း..အစိုးရက စိုက်ပျိုးရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ အဓိက အသုံးပြုနေတဲ့ ဒီဇယ်ဆီ (HSD 500 ppm) အပေါ်မှာ ကျသင့်မယ့် အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ကြိုတင်ဝင်ငွေခွန်တွေကို ဧပြီလကစပြီး ကင်းလွတ်ခွင့်ပြုခဲ့တာ။ ဇူလိုင်လမှာလည်းဆက်ပြီး ကင်းလွတ်ခွင့်ပြုမယ်လို့ ကြေညာထားတာပဲ”**

“ဟုတ်တယ် ဆရာ။ ဒါဆိုရင် ကုန်တင်ကားတွေ၊ ကျုပ်တို့ တောင်သူတွေ သုံးနေတဲ့ ထွန်စက်တွေအတွက် အများကြီးအကျိုးရှိမှာ” ဟု ဦးဆန်းက ပြောလိုက်သည်။

“အမှန်ပေါ့ဗျာ။ စက်သုံးဆီစရိတ် လျော့သွားရင် ကုန်ထုတ်လုပ်မှုစရိတ်နဲ့ သယ်ယူပို့ဆောင်ရေးစရိတ် လျော့သွားမယ်။ ကုန်ကျစရိတ်လျော့ရင် ကုန်စည်ဈေးနှုန်းတွေတည်ငြိမ်ဖို့ အထောက်အကူ ဖြစ်မယ်။ နောက်ဆုံးမှာ အကျိုးခံစားရမှာက ကျုပ်တို့ ပြည်သူလူထုပါ။”

ဦးဆန်းက “ဒါတင်မကသေးဘူး ဆရာ။ ဓာတ်မြေသြဇာနဲ့ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေမှာသုံးတဲ့ သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကျသင့်တဲ့ အခွန်အကောက်တွေကိုလည်း ဇူလိုင်လကုန်ထိ ကင်းလွတ်ခွင့်ပြုပေးမယ်လို့ ပါတယ်ဗျ”ဟု ဆက်ပြောလိုက်လေသည်။

“ဒါဟာ အခွန်စနစ်ရဲ့ နောက်ထပ်အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုကို ပြနေတာပဲ။ အခွန်ဆိုတာ ပြည်သူ့အကျိုးပြုဝန်ဆောင်မှု လုပ်ငန်းတွေအတွက် ဘဏ္ဍာငွေရရှိဖို့ ကောက်ခံတာဖြစ်သလို ပြည်သူလူထု စားဝတ်နေရေးအဆင်ပြေဖို့ ထိန်းညှိပေးဖို့ လိုအပ်တဲ့အခါမှာ ကူညီပံ့ပိုးနိုင်ဖို့ အသုံးပြုတဲ့မူဝါဒအစီအမံတစ်ခုလည်း ဖြစ်တယ်” ဟု ဦးကျော်လွင်က ရှင်းပြလေသည်။

အခြားစားပွဲတွင် ထိုင်နေသူများကပါ စိတ်ဝင်တစားနားထောင်နေကြသည်။ အခွန်ကင်းလွတ်ခွင့်ဆိုသည့် သတင်းတစ်ပုဒ်သည် သူတို့၏ နေ့စဉ်ဘဝနှင့် မည်မျှဆက်စပ်နေသည်ကို တွေးတောနေကြပုံရသည်။

**အခွန်ဆိုတာ အစိုးရကို ပေးတဲ့ငွေလား၊**
**မိမိအနာဂတ်အတွက် ရင်းနှီးမြှုပ်နှံတာလား**

ထိုစဉ် လူငယ်စီးပွားရေးသမားဖြစ်သူ ဆိုင်ရှင်ကိုရဲက ဦးဆန်းဘေးတွင် ဝင်ထိုင်ကာ စကားဝိုင်းထဲ ပါဝင်လာသည်။

“ဆရာ... ကျုပ်သိချင်တာတစ်ခု ရှိတယ်ဗျ။ လူတော်တော်များများက အခွန်ဆောင်ပြီး ဘာပြန်ရလဲဆိုပြီး ပြောတတ်ကြလို့ပါ”

“ဦးကျော်လွင်က ကိုရဲကို ခေတ္တစူးစိုက်ကြည့်လိုက်ပြီး ကိုရဲကို ပြုံး၍ လှမ်းမေးလိုက်သည်။

“ကိုရဲဆိုင်ရှေ့က လမ်းကို ကတ္တရာခင်းပြီးတာ အတော်ကြာ




ပြီလား။”

“မကြာသေးပါဘူး ဆရာ။ ပြီးခဲ့တဲ့အပတ်ကမှ ခင်းသွားတာပါ။ အရင်တုန်းက အခုလိုမိုးရွာရင် ဗွက်တွေနဲ့ သွားလာရတာ အတော်ခက်တယ်။ နောက်ပြီး ဆိုင်မှာ အခုလို လူသိပ်မကျဘူး ညှော်သည်ပါးတယ်” ဟု ကိုရဲက ဖြေလိုက်သည်။

ထိုအချိန်တွင် ကိုရဲ၏ သမီးလေးက ကျောပိုးအိတ်လေးကို လွယ်ပြီး ကိုရဲအနားသို့ ပြေးဝင်လာသည်။

“ဖေဖေ... သမီး ကျောင်းသွားတော့မယ်နော်”

ကိုရဲက သမီးလေး၏ ကျောပိုးအိတ်ကြိုးကို သေချာပြင်ပေးပြီးနောက် ခေါင်းကို ပွတ်သပ်ကာ...

“စာကြိုးစားနော်သမီး”

“ဟုတ်ကဲ့ ဖေဖေ” ဟု ပြုံးပြုံးရွှင်ရွှင်ဖြေကာ ပြန်ထွက်သွားလေသည်။

> **“ မြန်မာနိုင်ငံမှာ လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး ပေးဆောင်ရမယ့် အခွန်အမျိုးအစားတွေ ကွဲပြားတယ်။ ဒါပေမဲ့ ကျုပ်တို့ ပြည်သူအများစုနဲ့ အနီးစပ်ဆုံး အခွန်နှစ်မျိုးကတော့ ဝင်ငွေခွန်နဲ့ ကုန်သွယ်လုပ်ငန်းခွန်ပဲ။ ဝင်ငွေခွန်ဆိုတာ လူတစ်ဦးက ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုကဖြစ်စေရရှိတဲ့ဝင်ငွေ ဒါမှမဟုတ် အမြတ်အစွန်းအပေါ်ကျသင့်တဲ့အခွန်ကို ပြောတာပဲ။ ဝင်ငွေတို့၊ အမြတ်အစွန်းတို့အပေါ်မှာ ကောက်တဲ့အခွန်ဖြစ်လို့ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းလာလေလေ နိုင်ငံတော်အတွက် ဝင်ငွေခွန်ရငွေကလည်း တိုးတက်လာလေလေပဲဖြစ် ”**

သမီးလေး ထွက်သွားသည်ကို ဦးကျော်လွင်က ပြုံး၍ လှမ်းကြည့်နေပြီးမှ.....

“ကိုရဲ... သမီးလေးက ဘယ်နှတန်း တက်နေတာလဲ။”

“Grade 3 တက်နေပြီ ဆရာ”

ဦးကျော်လွင်က ခေါင်းညိတ်လိုက်သည်။

“ကောင်းတာပေါ့ ကိုရဲရေ။ အခု ကိုရဲ ဆိုင်ရှေ့ကလမ်း၊ ကိုရဲသမီးလေးတက်တဲ့ ကျောင်း၊ နောက်ပြီး အစိုးရဆေးရုံတွေ၊ လျှပ်စစ်ဓာတ်အားစနစ်တွေ၊ ရဲစခန်း၊ အုပ်ချုပ်ရေးမှူးရုံးစတဲ့ လုံခြုံရေးဝန်ဆောင်မှုတွေ၊ ဒီအရာအားလုံးရဲ့ နောက်ကွယ်မှာ ပြည်သူတွေရဲ့ အခွန်ဘဏ္ဍာငွေတွေ ရှိနေတယ်လေ။ **ဒါကြောင့် အခြားနိုင်ငံတွေမှာ အခွန်ပေးဆောင်ခြင်းကို မိမိတို့ရဲ့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းလို့ ရှုမြင်ကြတာဖြစ်သလို နိုင်ငံတည်ဆောက်ရေးမှာ ကိုယ်တိုင်ပါဝင်ခြင်းလို့လည်း သတ်မှတ်ကြတယ်”**

ကိုရဲက အသစ်စက်စက်ကတ္တရာလမ်းမကြီးကို ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

“အခုမှပဲ နားလည်တော့တယ် ဆရာ။ အခွန်ဆောင်တာက ကျုပ်တို့ရဲ့ သားသမီးတွေ၊ ကျုပ်တို့ရဲ့ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံ့အနာဂတ်အတွက် ပြန်လည်ရင်းနှီးမြှုပ်နှံတာပါလား”

ဦးကျော်လွင်က ကျေနပ်စွာ ပြုံးလိုက်သည်။

“ဟုတ်ပါတယ် ကိုရဲ။ အဲဒီအမြင်ကို နားလည်သွားရင် အခွန်ပေးရတာကို နိုင်ငံသားကောင်းတစ်ယောက်ရဲ့ ဂုဏ်ယူစရာ တာဝန်တစ်ရပ်လို့ ခံယူတတ်လာပါလိမ့်မယ်။”

**ဝင်ငွေခွန်ဆိုင်ရာ တာဝန်နှင့်အခွင့်အရေး**

ဦးဆန်းက စိတ်ဝင်တစားဖြင့် မေးလိုက်သည်။

“ဆရာ... ကျုပ်တို့လို သာမန်ပြည်သူတွေ သိထားသင့်တဲ့အခွန်ဆိုင်ရာ တာဝန်တွေနဲ့ အခွင့်အရေးတွေကိုလည်း နည်းနည်းရှင်းပြပါဦး။”

“ကောင်းတာပေါ့ ကိုဆန်း” ဟုဆိုကာ ဦးကျော်လွင်က မျက်မှန်ကို အနည်းငယ်တည့်မတ်လိုက်ပြီး ဆက်ပြောသည်။

“မြန်မာနိုင်ငံမှာ လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး ပေးဆောင်ရမယ့် အခွန်အမျိုးအစားတွေ ကွဲပြားတယ်။ ဒါပေမဲ့ ကျုပ်တို့ ပြည်သူအများစုနဲ့ အနီးစပ်ဆုံး အခွန်နှစ်မျိုးကတော့ ဝင်ငွေခွန်နဲ့ ကုန်သွယ်လုပ်ငန်းခွန်ပဲ။ ဝင်ငွေခွန်ဆိုတာ လူတစ်ဦးကဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုကဖြစ်စေ ရရှိတဲ့ဝင်ငွေ ဒါမှမဟုတ် အမြတ်အစွန်းအပေါ် ကျသင့်တဲ့အခွန်ကို ပြောတာပဲ။ ဝင်ငွေတို့၊ အမြတ်အစွန်းတို့အပေါ်မှာ ကောက်တဲ့အခွန်ဖြစ်လို့ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းလာလေလေ နိုင်ငံတော်အတွက် ဝင်ငွေခွန်ရငွေကလည်း တိုးတက်လာလေလေပဲ ဖြစ်တယ်။

“ဝင်ငွေခွန်နဲ့ပတ်သက်ပြီး လိုက်နာရမယ့် အဓိက တာဝန်နှစ်ခုရှိတယ်။ **ပထမတာဝန်က မိမိရဲ့ဝင်ငွေအပေါ် ကျသင့်တဲ့အခွန်ကို သတ်မှတ်ရက်အတွင်း ပေးဆောင်ရမယ်။**

“အိမ်ခြံမြေငှားရမ်းတာအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတို့၊ ကုမ္ပဏီတို့ဆိုရင် တစ်နှစ်တာဝင်ငွေကို ခန့်မှန်းတွက်ချက်ပြီး သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကြိုတင်ဝင်ငွေခွန်အနေနဲ့ ပေးဆောင်ရတယ်။ လခစားဝန်ထမ်းတွေဆိုရင်တော့ အလုပ်ရှင်က လစာထဲကနေ အခွန်ကို ဖြတ်တောက်နုတ်ယူရမှာဖြစ်ပြီး အဲဒီလို နုတ်ယူတဲ့ရက်ကနေ ၁၅ ရက်အတွင်း ပေးသွင်းရတယ်။

“အိမ်ခြံမြေ၊ မော်တော်ကား၊ အစုရှယ်ယာ စတဲ့ အခြေခံပစ္စည်းတွေ လွှဲပြောင်းရောင်းချရာက ရရှိတဲ့ အမြတ်စွန်းငွေတွေဆိုရင် လွှဲပြောင်းရောင်းချပြီး ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင်ရမယ်”

ဦးဆန်းက အလေးအနက် နားထောင်နေသည်။

**“ဒုတိယတာဝန်ကတော့ ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ဝင်ငွေကြေညာလွှာတင်သွင်းရမယ်။** ဆိုလိုတာက ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာအခွန်ရုံးမှာ တင်သွင်းရမှာဖြစ်တယ်။ အလုပ်ရှင်တွေအနေနဲ့လည်း လစာနှစ်ချုပ်စာရင်းကို ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး တင်သွင်းရမှာ ဖြစ်တယ်။ **တကယ်တော့ ဝင်ငွေကြေညာလွှာတင်သွင်းခြင်းဆိုတာက ဥပဒေပါ တာဝန်တစ်ခုကို လိုက်နာတယ်ဆိုတာထက် နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ယူမှုနဲ့ ရိုးသားမှုကို ပြသခြင်းလည်းဖြစ်တယ်”**

ဦးကျော်လွင်က လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး ဆက်ပြောသည်။

“အခွန်ဆိုတာ တာဝန်ချည်းပဲ မဟုတ်ဘူး အခွင့်အရေးတွေလည်း ရှိတယ်။ ဥပမာ လစာဝင်ငွေရတဲ့သူတွေဆိုရင် တစ်နှစ်လစာဝင်ငွေ ကျပ် ၄၈ သိန်းထက်မကျော်ရင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရတယ်။

“ဒါ့အပြင် အခြေခံသက်သာခွင့်၊ မိဘစရိတ်၊ အိမ်ထောင်ဖက်စရိတ်၊ သားသမီးစရိတ် စတဲ့သက်သာခွင့်တွေကိုလည်း ခံစားခွင့်ရှိတယ်။ အခြေခံသက်သာခွင့်ဆိုရင် ဝင်ငွေရဲ့ ၂၀ ရာခိုင်နှုန်း၊ အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်း၊ အိမ်ထောင်ဖက်အတွက် ကျပ် ၁၀ သိန်း၊ သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ သက်သာခွင့်ရှိတယ်။”

“ဒါဆို အဲဒီသက်သာခွင့်တွေ နုတ်ပြီးရင် အခွန်မဆောင်ရတဲ့သူတွေလည်း ရှိနိုင်တာပေါ့နော်”ဟု ဦးဆန်းက ရုတ်တရက်မေးလိုက်သည်။

“ဟုတ်တာပေါ့။ သက်သာခွင့်တွေ နုတ်ပြီး ကျန်တဲ့ဝင်ငွေက ကျပ်သိန်း ၂၀ မကျော်ဘူးဆိုရင် ဝင်ငွေခွန်ပေးဆောင်စရာ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဝင်ငွေခွန်နှုန်းထားမှာ ၁ ကျပ်ကနေ ကျပ်သိန်း ၂၀ အထိကို သုညရာခိုင်နှုန်း သတ်မှတ်ထားလို့ပဲ။ ကျပ်သိန်း ၂၀ အထက် ရောက်လာတဲ့အခါမှာတော့

*စာမျက်နှာ ၇ သို့*

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University (NSPU) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ Naypyi-taw State Polytechnic University (NSPU) မှ ပါမောက္ခချုပ်(တာဝန်)၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုး၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခချုပ်(တာဝန်)၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်၊ ငုရွှေဝါပင်၊ ခရေပင်၊ စိန်ပန်းပြာပင်၊ ပိတောက်ပင်၊ ဆီသပြေပင်၊ မဟော်ဂနီပင်များနှင့် အရိပ်ရလေကာပင် ပျိုးပင်များကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့၌ အိမ်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းတွင် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပစ္စည်းများဖြစ်စေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ယာယီပြည်သူ့ဆေးရုံ၌ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးကုသပေးနေမှုကို ကြည့်ရှုပြီး ဆေးကုသမှုခံယူနေသည့် ပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရပ်ကွက်များ၌ ပြန်လည်ဝင်ရောက်နေထိုင်သော ဒေသခံပြည်သူများ၏ နေအိမ်များကို သွားရောက်ပြီး နိုင်ငံတော်မှ ထောက်ပံ့သော အခြေခံလိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ကယ်ဆယ်ရေး ပစ္စည်းများနှင့် စားရေရိက္ခာများရရှိမှု အခြေအနေကို ကြည့်ရှုပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ဒေသခံပြည်သူများက ဝိုင်းဝန်းပြုပြင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေရပ်စွန့်ခွာ၍ ပြန်လည် ဝင်ရောက်လာသည့် ပြည်သူများကို လိုက်လံနှုတ်ဆက်ပြီး နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ခဲ့မှုအခြေအနေကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာအပါ ကျေးရွာ ၁၅ ရွာတွင် စုပေါင်းရေပေးရေးလုပ်ငန်း ဆောင်ရွက်

**ညောင်ရွှေ ဇူလိုင် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ရွှေမြို့နယ် ဟဲယာရွာမ ကျေးရွာအပါအဝင် ကျေးရွာ ၁၅ ရွာတွင် စုပေါင်းရေပေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ တင်ပြမှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာများတွင် သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာရေရရှိရေး ကော်မတီများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေပေးဝေရေးတွင် အသုံးပြုသည့် ပစ္စည်းများ၊ ရေဖြန့်ဝေပေးသည့် သောက်သုံးရေစင်နှင့် တောင်ခြေရေထွက်တို့ကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



## ဟိုပုံးမြို့နယ်၌ ကော်ဖီစိုက်ပျိုးနည်းပညာသင်တန်းဖွင့်

**ဟိုပုံး ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်၌ ကော်ဖီသီးနှံ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် အသိပညာပေးခြင်းကို ယမန်နေ့က စံဖူးကျေးရွာအုပ်စုနှင့် နောင်လိုင်မူဖိတ်ကျေးရွာအုပ်စုတို့၌ ပြုလုပ်သည်။



ထိုသို့ အသိပညာပေးရာတွင် ကော်ဖီစိုက်ပျိုး တောင်သူများ မြေယာပိုင်ဆိုင်မှု ခိုင်မာစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သော ကော်ဖီထုတ်လုပ်မှုမှတစ်ဆင့် ဝင်ငွေတိုးတက်၍ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှု ရရှိစေရန်နှင့် မြေယာပိုင်ဆိုင်မှု ခိုင်မာစေခြင်းဖြင့် စိုက်ပျိုးစရိတ် အရင်းအနှီးချေးငွေများရရှိစေရန်တို့ကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

### မိုးတိမ်တောင်များကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ဝင်ငွေအလွှာအလိုက် ၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ အဆင့်လိုက်ပေးဆောင်ရမှာ ဖြစ်တယ်”

“ဒါဆို ဝင်ငွေများတဲ့သူက အခွန်ပိုဆောင်ရပြီး ဝင်ငွေနည်းတဲ့သူကတော့ သက်သာသွားတာပေ့ါနော် ဆရာ” ဟု ဦးဆန်းက ပြောလိုက်ရာ ဦးကျော်လွင်က–

“ဟုတ်တာပေ့ါ ကိုဆန်းရေ။ အဲဒီလို **ဝင်ငွေများများ ရတဲ့သူက အခွန်ပိုဆောင်ရပြီး ဝင်ငွေနည်းနည်းရတဲ့သူက အခွန်နည်းနည်းပဲဆောင်ရတဲ့စနစ်ကို Progressive Tax Rate System လို့ခေါ်တယ်။ ဒီစနစ်ရဲ့ ရည်ရွယ်ချက်က လူမှုရေးမျှတမှုကို ဖော်ဆောင်ဖို့နဲ့ ဆင်းရဲချမ်းသာကွာဟမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းညှိပေးဖို့လည်းဖြစ်တယ်”** ဟု ရှင်းပြလေသည်။

ကိုရဲက စိတ်ဝင်စားသွားဟန်ဖြင့် မေးလိုက်သည်။

“ဒါဆို ဝင်ငွေခွန်ကင်းလွတ်ခွင့်ရတဲ့ ဝင်ငွေတွေရောရှိလား ဆရာ”

“ရှိတာပေ့ါ။ ဒါကလည်း အခွန်ထမ်းပြည်သူတွေအတွက် အရေးကြီးတဲ့ အခွင့်အရေးတစ်ခုပဲ။ ဥပမာအားဖြင့် ပင်စင်ရငွေ၊ သေဆုံးမှုသို့မဟုတ် ထိခိုက်ဒဏ်ရာရမှုကြောင့် ရရှိတဲ့လျော်ကြေးငွေ၊ အာမခံပေါ်လစီအရ ထုတ်ပေးတဲ့ငွေ၊ နိုင်ငံတော်က ချီးမြှင့်တဲ့ ဘွဲ့ထူးဂုဏ်ထူးများနဲ့အတူ ရရှိတဲ့ ချီးမြှင့်ငွေ စတဲ့ဝင်ငွေတွေကို ဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုထားတယ်”

ကိုရဲက သဘောပေါက်သွားသည့်အမူအရာဖြင့် ခေါင်းကိုဖြည်းဖြည်းချင်း ညိတ်လိုက်သည်။

“အခုမှပဲ နားလည်တော့တယ် ဆရာ။ အခွန်ဥပဒေတွေက အခွန်ကောက်ဖို့အတွက်ပဲ စဉ်းစားထားတာမဟုတ်ဘဲ ပြည်သူတွေရဲ့ လူမှုဘဝ၊ မိသားစုအခြေအနေ၊ လူမှုဖူလုံရေးနဲ့ လူမှုရေးမျှတမှုကိုပါ ထည့်သွင်းစဉ်းစား ရေးဆွဲထားတာပေ့ါနော်”

“ဟုတ်တာပေ့ါ ကိုရဲ။ ဒါတင်မကသေးဘူး။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖို့အတွက်လည်း အခွန်မူဝါဒတွေ၊ အခွန်ဥပဒေတွေနဲ့ ပံ့ပိုးပေးထားတယ်။ ဥပမာအားဖြင့် အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)တွေကို လုပ်ငန်းစတင်တဲ့နှစ်ကစပြီး တစ်ဆက်တည်း သုံးနှစ်အထိ အသားတင်အမြတ်ဝင်ငွေကျပ်သိန်း ၂၀၀ အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုထားတယ်။

**“MSME တွေဟာ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် အဓိက မောင်းနှင်အား ဖြစ်တာကြောင့်မို့လို့ နိုင်ငံတော်က အခွန်မူဝါဒပိုင်းကနေလည်း အခုလို ပံ့ပိုးပေးတာ ဖြစ်တယ်။** ဒါကြောင့် လုပ်ငန်းရှင်တွေအနေနဲ့လည်း ဒီအခွင့်အရေးကို အမိအရ အသုံးချပြီး လုပ်ငန်းအောင်မြင်ကြီးထွားလာတဲ့ အခါမှာလည်း အခွန်တာဝန်တွေကို မှန်မှန်ကန်ကန် ထမ်းဆောင်ဖို့ လိုပါတယ်”

*(ဆက်လက်ဖော်ပြပါမည်)*

# MSME အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

**မြိတ် ဇူလိုင် ၂၅**

MSME အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးသည် ဈေးနှုန်းထက် ပိုမိုအရေးကြီးပြီး ကုန်ပစ္စည်းများကို အရည်အသွေးစံနှုန်းများနှင့်အညီ ထုတ်လုပ်ခြင်း၊ သန့်ရှင်းမှု၊ စားသုံးသူ ယုံကြည်မှု၊ ကုန်အမှတ်တံဆိပ် တည်ဆောက်မှု၊ ထုပ်ပိုးမှု အရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဒေသထွက် ကုန်ကြမ်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွန့်ဦးတီထွင် ကြိုးပမ်းဆောင်ရွက်မှုများနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။



ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်ခရိုင် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ငါးလုပ်ငန်းရှင်များအသင်း၊ စက်သုံးဆီလုပ်ငန်းရှင်များအသင်း၊ ဆန်ကုန်သည်များအသင်းနှင့် MSME လုပ်ငန်းရှင်များအသင်းတို့က တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၇၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၉)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ပြက္ခဒိန်ထုတ်ဝေနိုင်ရေး ကချင်အနုပညာရှင်များအသင်း တာဝန်ရှိသူများနှင့် ဆွေးနွေး

**မြစ်ကြီးနား ဇူလိုင် ၂၅**

ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ (၇၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြက္ခဒိန်ထုတ်ဝေနိုင်ရေးအတွက် ကချင်အနုပညာရှင်များ အသင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက နှစ်အလိုက် ပြည်နယ်နေ့အထိမ်းအမှတ် မဂ္ဂဇင်းနှင့် ပြက္ခဒိန်ထုတ်ဝေခဲ့မှု၊ ပြက္ခဒိန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် အကြံပြုချက်များ တင်ပြမှုအပေါ် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်အမြင်ဖြင့် ဖော်ထုတ်ပြသထုတ်ဝေနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် အဆိုပါခန်းမ၌ မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စုအတွင်း မော်ဖောင်းတိုးချဲ့မြေကွက်သစ် ဖော်ထုတ်ရာတွင် လုပ်ငန်းများ အမြန်ဆုံးပြီးစီး၍ အများပြည်သူပိုင် နေရာများအပါအဝင် မြေကွက်များ စနစ်တကျ သတ်မှတ်နေရာချထားနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနားမြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာ မော်ဖောင်းကျေးရွာအုပ်စုအတွင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တိုးချဲ့မြို့ကွက်သစ်ကို ဖော်ဆောင်လျက်ရှိပြီး မူဝါဒချမှတ်ထားသည့်အတိုင်း မြေကွက်များအား စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းတာဝန်များအလိုက် ဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်

**စစ်တွေ ဇူလိုင် ၂၅**

၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေတက္ကသိုလ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများအား စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများက ပျဉ်းကတိုး၊ ငုဝါ၊ ခရေ၊ မဟော်ဂနီ၊ ရေတမာ၊ မဲဇလီ၊ မန်ကျည်းရှားနှင့် သက်န်းနက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စစ်တွေတက္ကသိုလ်၌ ခင်းကျင်းပြသထားသော ဝေလငါးအရိုးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**
**ဓာတ်ပုံ- ဝင်းမင်းစိုး**



**သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ



ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်၊ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် / မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၅**

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အင်းစိန်ခရိုင်အသင်းနှင့် တွံတေးခရိုင် အသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အကောင်းဆုံး ဂိုးသမားအားကစားသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆု၊ အကောင်းဆုံး အားကစားသမားဆုရရှိကြသူများ၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အသင်းများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(မြန်/ဆက်)**

## ရေနံမြေသခင်ဖိုးလှကြီးဒိုင်း ရှုံးထွက်ပွဲစဉ် ကသစ်မြေ(မြို့သစ်)အသင်း အနိုင်ရရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ရေနံမြေ သခင်ဖိုးလှကြီး ဒိုင်း အလွတ်တန်း ဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်အဖြစ် PBU (ပွင့်ဖြူ) အသင်းနှင့် ကသစ်မြေ (မြို့သစ်)အသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားရာ ကသစ်မြေ (မြို့သစ်) အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရေနံမြေ သခင်ဖိုးလှကြီးဒိုင်း အလွတ်တန်း ဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁၄ ရက်အထိ မကွေးမြို့တိုင်း ရှိရာ မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပလျက် မှ ဘောလုံးအသင်းများအပြင် နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ စစ်ကိုင်းနှင့် မန္တလေးကိုယ်စားပြု ဘောလုံးအသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်နေကြသည်။



ယခုနှစ်ကျင်းပသည့် ရေနံမြေ သခင်ဖိုးလှကြီးဒိုင်း အလွတ်တန်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၂၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၁၀၀ အပါအဝင် အခြားသောအားကစားဆိုင်ရာ ထူးချွန်ဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**နေမျိုး**

## တပ်ကုန်းမြို့၌ အသက် ၄၀ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆဋ္ဌမပွဲစဉ် ဆက်လက်ယှဉ်ပြိုင်

**တပ်ကုန်း ဇူလိုင် ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ် ဘောလုံးအားကစား ပိုမိုတိုးတက်လာစေရေး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၄၀ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပလျက်ရှိရာ ဆဋ္ဌမပွဲစဉ်ပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက မြို့နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ လျှပ်စစ် ESD (FC) အသင်းက စည်ပင် CGS (FC) အသင်းကို ခြောက်ဂိုး - တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ပွဲစဉ်တစ်လျှောက်လုံး အားကစားသမားဆုအား မြို့မိမြို့ဖတစ်ဦးက လျှပ်စစ် ESD (FC) အသင်းမှ ရှေ့တန်းအားကစားသမား၊ ကျောနံပါတ် ၂၃ ဦးတင့်ဝေအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီထံမှ သိရသည်။

**တင်စိုးလွင်**



## ပန်းတောင်းမြို့နယ်၌ အသက် ၁၈ နှစ်အောက် အမျိုးသား / အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပန်းတောင်း ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား အသက် (၁၈)နှစ်အောက် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကား ပြောကြားပြီး ပထမပွဲစဉ်အဖြစ် ဆင်တဲတိုက်နယ်နှင့် သူရဲတန်းတိုက်နယ်မှ ကျောင်းသားများက ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပါ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ အမျိုးသားအသင်းတွင် ဆင်တဲတိုက်နယ်၊ သူရဲတန်းတိုက်နယ်၊ အထက(ခွဲ) ပေကုန်း၊ အထက-ဂုံညှင်းတန်း၊ အထက-ဥသျှစ်ပင်၊ အထက-ထုံးဘို၊ ရှားဖြူကွင်းတိုက်နယ်နှင့် အထက-ပန်းတောင်းမှ ကျောင်းသားများက လည်းကောင်း၊ အမျိုးသမီးအသင်းတွင် ရှားဖြူကွင်းတိုက်နယ်နှင့် သူရဲတန်းတိုက်နယ်မှ ကျောင်းသူလေးများကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇူလိုင် ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လပြည့်လင်း(မြန်/ဆက်)**

## နည်းပညာတက္ကသိုလ် (တောင်ငူ)၌ ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ငူ ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နည်းပညာတက္ကသိုလ်(တောင်ငူ) ဘက်စုံသုံးအားကစားခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီ ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက အားကစားပြိုင်ပွဲဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပသည်။

ထိုသို့ကျင်းပရာတွင် နည်းပညာတက္ကသိုလ် (တောင်ငူ) ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်နှင့် ဌာနမှူးများ၊ ဆရာ ဆရာမများက အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## ကျိုက်လတ်၌ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ကျိုက်လတ် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကျင်းပသည့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဇူလိုင် ၂၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီး ဌာနမှ နည်းပြ (နည်းစနစ်မှူး) ဦးကျော်နိုင်တို့က အမှာစကား ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ဖွင့်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် အုပ်စု(က) မြို့မ(၁)အသင်းနှင့် မြို့မ(၃) အသင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင် (မြန်/ဆက်)**

❑ *ကျောဖုံးမှ*

ထပ်မံဂိုးရရှိနိုင်မည့် အခွင့်အရေးအချို့ဖန်တီးနိုင်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် မလေးရှားအသင်းသည် နည်းဗျူဟာပြောင်းကာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးလာခဲ့ပြီး ပွဲချိန် ၅၁ မိနစ်တွင်ရရှိသည့် ထောင့်ကန်ဘောမှတစ်ဆင့် အသင်းခေါင်းဆောင် Paulo Josue က မြန်မာခံစစ်၏ အမှားကို အခွင့်ကောင်းယူကာ ချေပဂိုး သွင်းယူသွားခဲ့သည်။

ချေပဂိုးပေးလိုက်ရပြီး ငါးမိနစ်အကြာ (ပွဲချိန် ၅၆ မိနစ်)တွင် မြန်မာခံစစ်အမှားကြောင့် မလေးရှားအသင်း ပယ်နယ်တီရရှိခဲ့ပြီး အသင်းခေါင်းဆောင် Paulo Josue က မလေးရှားအတွက် ဒုတိယအနိုင်ဂိုးကို သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းအစတွင် မလေးရှားအသင်း၏ နည်းဗျူဟာအပြောင်းအလဲ၊ ဖိအားပေးမှုများနှင့်အတူ မြန်မာအသင်း၏ ခံစစ်အမှားများကြောင့် ငါးမိနစ်အတွင်း နှစ်ဂိုးဆက်တိုက်ခွင့်ပြုပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ရသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

## ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက် (ဂျင်ခုံ) များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများ လျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အေအိုင်နှင့် ကျွန်တော် (၄)

*အယ်ဒီတာတစ်ဦး*

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ သို့ဖြစ်၍ ကျွန်တော်သိချင်တာတစ်ခုခုရှိလာပါက အေအိုင်ကို မေးမြန်းတတ်လာသည်။ အေအိုင်ထံမှ အဖြေ၊ အေအိုင်၏ အကြံပြုချက်ကို ရယူဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကိုမေးမိသည့် မေးခွန်းနှင့် ပတ်သက်၍ အဖြေအရ နိုင်ငံ့ဝန်ထမ်းအားလုံးက နိုင်ငံတော်နှင့် ပြည်သူလူထုအား ပိုမိုအလုပ်အကျွေးပြုနိုင်ပါစေကြောင်း ဆန္ဒပြုရင်း ယခုလို မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း – ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ ယေဘုယျအားဖြင့် ပြည်သူတွေအတွက် ဘယ်အရာက အရေးကြီးဆုံး ဖြစ်မလဲ။**

**အဖြေ** – ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ (Emerging Democracy)တွင် ပြည်သူများအတွက် **အရေးကြီးဆုံးအရာ** ကို ဖော်ပြရပါက တစ်ခုတည်းသီးခြားခွဲထုတ်ရန် ခက်ခဲသော်လည်း မဏ္ဍိုင်ကြီးသုံးခုပေါင်းစည်းထားသည့် **“အခြေခံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု”**သည် အကျိုးအကြောင်း အဆက်စပ်ဆုံးနှင့် အရေးအကြီးဆုံး ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်သက်တမ်းနုနယ်သေးသည့် နိုင်ငံများတွင် ပြည်သူများအတွက် ကဏ္ဍအလိုက် အရေးကြီးပုံကို အောက်ပါအတိုင်း အဆင့်လိုက်လေ့လာနိုင်ပါသည်–

**၁။ အခြေခံအဆောက်အအုံ – တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံမှု (Rule of Law & Security)**

မနက်ဖြန်တွင် မိမိတို့၏ အသက်အန္တရာယ် သို့မဟုတ် ပိုင်ဆိုင်မှုများ ပျောက်ကွယ်သွားနိုင်သည်ဟု စိုးရိမ်နေရပါက ဒီမိုကရေစီ၏ အခြားသောအကျိုးကျေးဇူးများကို ခံစားနိုင်မည် မဟုတ်ပါ။

- **အသက်အန္တရာယ်နှင့် ပိုင်ဆိုင်မှုလုံခြုံခြင်း၊** နိုင်ငံသားတိုင်း တရားဥပဒေ၏ အကာအကွယ်ကို တန်းတူညီမျှ ရရှိခြင်း။
- **တရားမျှတသော တရားစီရင်ရေး၊** အာဏာရှိသူ သို့မဟုတ် ချမ်းသာသူဖြစ်စေ တရားဥပဒေအထက်တွင် မရှိဘဲ ပွင့်လင်းမြင်သာသည့် တရားစီရင်ရေးစနစ်ရှိခြင်း။

**၂။ အသက်ဆက်ရှင်ရေး – စီးပွားရေးတည်ငြိမ်မှုနှင့် အဓိကလိုအပ်ချက်များ (Economic Stability & Basic Needs)**

“ဝမ်းဝမှ ဓမ္မ မက စေတနာ သဒ္ဓါတရားပေါ်နိုင်မည်”ဆိုသကဲ့သို့ ပြည်သူများ ဝမ်းရေး မပြည့်စုံပါက ဒီမိုကရေစီစနစ်သည် မြန်ဆန်စွာ ပြိုလဲသွားတတ်ပါသည်။

- **အလုပ်အကိုင်နှင့် စားဝတ်နေရေးအဆင်ပြေမှု၊** အခြေခံစီးပွားရေးပတ်ဝန်းကျင် တည်ငြိမ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရှိခြင်း။
- **အခြေခံလိုအပ်ချက်များ ဖူလုံခြင်း၊** လျှပ်စစ်မီး၊ သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံပညာရေး စသည်တို့ရရှိခြင်း။

**၃။ ရေရှည်ခိုင်မာရေး – ခိုင်မာသောအဖွဲ့အစည်းများနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး (Institutional Building)**

ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံများ၏ အဓိက စိန်ခေါ်မှုမှာ ရွေးကောက်ပွဲ ပွဲစဉ်တစ်ခုတည်းကို ဒီမိုကရေစီဟု အထင်မှားခြင်း ဖြစ်သည်။

- **အဂတိလိုက်စားမှု တိုက်ဖျက်ရေး (Anti-Corruption)၊** အစိုးရနှင့် အာဏာပိုင်များ၏ အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်မှသာ ပြည်သူ့ဘဏ္ဍာများ ပြည်သူ့ထံ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။
- **လွတ်လပ်သော အဖွဲ့အစည်းများ (Independent Institutions)၊** ရွေးကောက်ပွဲကော်မရှင်၊ တရားရုံးချုပ်၊ လွတ်လပ်သော မီဒီယာနှင့် လူ့အခွင့်အရေးကော်မရှင် စသည့်အဖွဲ့အစည်းများ ကြံ့ခိုင်စွာ ရပ်တည်နိုင်ခြင်း။
- **အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ၊** လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်နှင့် စုဝေးခွင့်များ ရရှိခြင်း။

**၄။ လူမှုအဖွဲ့အစည်း – စိတ်ဝမ်းကွဲမှုလျှော့ချရေးနှင့် ညီညွတ်ရေး (Social Cohesion)**

ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံအများစုသည် အတိတ်က ပဋိပက္ခများ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး စိစစ်ခွဲခြားမှုများ ကျန်ရှိနေတတ်သည်။

- **အပြန်အလှန်လေးစားမှုနှင့် သည်းခံခွင့်လွှတ်မှု (Tolerance)၊** မတူကွဲပြားသော အယူအဆများ၊ လူမျိုးများ၊ ဘာသာများကို စနစ်အတွင်း အတူတကွပူးပေါင်းပါဝင်ခွင့်ပေးခြင်း။
- **ပြည်သူများ၏ ဒီမိုကရေစီ စေတနာနှင့် အသိပညာ (Democratic Culture)၊** ဒီမိုကရေစီဆိုသည်မှာ မိမိရပိုင်ခွင့်ကို တောင်းဆိုရုံသာမက သက်ဆိုင်ရာတာဝန်များကိုပါ ကျေပွန်ရမည်ဆိုသည့် အသိပညာ ရှိခြင်း။

**အနှစ်ချုပ်** – ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ပြည်သူများအတွက် **“တရားဥပဒေ စိုးမိုးမှုအောက်တွင် ရရှိသော စားဝတ်နေရေးတည်ငြိမ်မှုနှင့် အသက်အန္တရာယ်လုံခြုံမှု”** သည် အရေးကြီးဆုံးဖြစ်ပြီး ထိုမှတစ်ဆင့် **ခိုင်မာသောအုပ်ချုပ်ရေးအဖွဲ့အစည်းများ** တည်ဆောက်နိုင်မှသာ ဒီမိုကရေစီစနစ်သည် ရေရှည်ခိုင်မြဲမည် ဖြစ်ပါသည်။

## စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လာရောက်လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) / တိုင်းဒေသကြီး / ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။



ကျောက်မဲမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ကျောက်မဲ(ပန်ပေါင်း) ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်း မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ရွှေညောင်ပင် ဓာတ်အား ခွဲရုံပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



သီပေါမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံ အသစ်အစားထိုးပြုပြင်တည်ဆောက်နေမှု မှတ်တမ်းဓာတ်ပုံ။

❍ *ကျော့ဖုံးမှ*

ဓာတ်အားလိုင်းများကို အမြန်ဆုံး ပြန်လည်ကောင်းမွန်၍ လျှပ်စစ်ဓာတ်အားများ ပြန်လည်ပို့လွှတ်ပေးနိုင်ရေး လျှပ်စစ်ဝန်ထမ်းများနှင့် နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၂၄ ခုနှစ်အတွင်း လားရှိုးမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့ကို အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ဓာတ်အားခွဲရုံ ကိုးရုံ၊ ထရန်စဖော်မာ ၈၆ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့သည်။

လားရှိုးမြို့နှင့် နောင်ချိုမြို့များကို တပ်မတော်မှ ပြန်လည်ထိန်းချုပ်ပြီးနောက် ဝန်ကြီးဌာနမှ ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများကို အမြန်ဆုံး ပြန်လည်ပြုပြင်ခဲ့ပြီး နောင်ချိုမြို့နယ်နှင့် လားရှိုးမြို့တို့ကို နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ်နှင့် ကျောက်မဲမြို့များတွင် ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် ဓာတ်အားရယူသုံးစွဲရမည့် ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်း တိုင်အမှတ် ၂၁၀ နှင့် ၂၁၉ ကြား မြေမြှုပ်မိုင်းများရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပြီးစီးပါက သီပေါမြို့နှင့် ကျောက်မဲမြို့များကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး လတ်တလော အနေဖြင့် သီပေါမြို့ကို ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးဖြင့် တစ်ရက်လျှင် ခြောက်နာရီနှင့် ကျောက်မဲမြို့ကို နမ့်စောင်းငေါင်း အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂ မဂ္ဂါဝပ်ဖြင့် မြို့ပေါ် အရေးကြီးနေရာများနှင့် အများပြည်သူအချို့အား ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ် လွိုင်ကော်မြို့တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ သုံးရုံ၊ ထရန်စဖော်မာ ၇၃ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး လွိုင်ကော်မြို့၊ လွိုင်လင်လေးမြို့၊ လောပိတမြို့နှင့် ကျေးရွာ ၃၀ ရှိ အိမ်ထောင်စုပေါင်း ၁၃၈၃၇ စုအား ဓာတ်အားပြန်လည်ပေးထားပြီးဖြစ်သည်။



ကယားပြည်နယ် လွိုင်ကော်မြို့ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဖလမ်းဓာတ်အားခွဲရုံ ပျက်စီးဆုံးရှုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဒီးမော့ဆိုမြို့နယ်အတွင်း၌လည်း အကြမ်းဖက်များကြောင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်မှု ပထမအဆင့်အနေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းပြုပြင်ခြင်းအား ဆောင်ရွက်၍ မြို့နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာနှင့် အရေးကြီးနေရာတို့ကို ဓာတ်အား ပြန်လည်ပေးထားပြီးဖြစ်ကာ လွိုင်ကော်မြို့ရှိ ၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ရွာတန်းရှည်ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်းအား နိုင်ငံတော်အစိုးရသစ်၏ ပထမရက်ပေါင်း ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒီးမော့ဆို မြို့နယ်အား ရွာတန်းရှည်ခွဲရုံမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ၊ အသေးစားရေအားလျှပ်စစ်စက်ရုံ နှစ်ရုံ၊ ထရန်စဖော်မာ ၃၁ လုံးနှင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့သဖြင့် လိုအပ်သော ပစ္စည်းများ ပို့ဆောင်၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ လတ်တလောတွင် ဖလမ်းမြို့ ယာယီဆေးရုံ၌ ၁၂ ကီလိုဝပ် ဆိုလာမီးဖြင့်လည်းကောင်း၊ အရေးကြီးနေရာများ၌ ၆ ကီလိုဝပ် ဆိုလာမီးများဖြင့်လည်းကောင်း ယာယီဓာတ်အားပေးနိုင်ရန် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အရေးကြီးနေရာများအား ယာယီဓာတ်အားပေးနိုင်ရန်အတွက် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်အား ပြန်လည်ပြုပြင်ထားရှိပြီးဖြစ်သည်။

တွန်းဇံမြို့အား ဓာတ်အားပြန်လည် ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်တွင် လျှပ်စစ်ဝန်ထမ်း ၁၂ဦး ရောက်ရှိ၍ ပျက်စီးမှုစာရင်းများ ကောက်ယူခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ကို ပြန်လည်ပြုပြင်ပြီး ဌာနဆိုင်ရာရုံး ၁၁ရုံးနှင့် ဓာတ်အားသုံးစွဲသူ ၃၁၀ ခန့်အား ညစဉ်တစ်နေ့သုံးနာရီ ဓာတ်အားပေးလျက်ရှိပြီး ၂၀၀ ကီလိုဝပ်တိုးဆောင်း ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားပြန်လည်ရရှိသုံးစွဲနိုင်ရေးအတွက် သွားရောက်စစ်ဆေးနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက် ကြိုးပမ်းမှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည့်ဒေသများတွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိလာသည်နှင့်အညီ ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝသွားလာနေထိုင်မှုများ ပြန်လည်အဆင်ပြေချောမွေ့လာခြင်း၊ အသေးစား/အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဒေသတွင်းကုန်ထုတ်လုပ်မှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခြင်း၊ ဆေးရုံ/ဆေးခန်းများတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျောင်းသူကျောင်းသားများ၏ ပညာသင်ကြားရေး ကဏ္ဍများတွင် များစွာအကျိုးဖြစ်ထွန်းလာခဲ့ပြီဖြစ်သည့်အတွက် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျော့ဖုံးမှ*

ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်းမပြုရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာ အသုံးပြုနိုင်ရန် ထိုင်ခုံများအား စနစ်တကျ အသုံးပြုပေးပါရန် အသိပေးချက်များအား နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ ရထားများပေါ်တွင် အသိပေး ကြေညာချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသော်လည်း ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသည့် အမှတ်(၃) အဆန် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထားပေါ်၌ မြန်မာ့မီးရထားနှင့် မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ ရထားတွဲများအား လုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပထမတန်းတွဲ(၁)၊ ခုံအမှတ် 1D, 3C, 4D တို့တွင် လိုက်ပါ စီးနင်းလာကြသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ နယ် ထီးတော်မိုးကျေးရွာနေ ကံကောင်း(၄၄)နှစ်၊ တံတားဦးမြို့နယ် သင်ပန်းကုန်းကျေးရွာနေ ညဏ်ပို(၄၈)နှစ်နှင့် မတ္တရာမြို့နယ် မင်္ဂလာသီရိကျေးရွာနေ ဇော်လင်း(၄၈)နှစ်တို့သည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေအောင် အရက်သေစာသောက်စားမူးယစ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရမည်းသင်းမြို့မရဲစခန်း၌ (ပ)၁၆၇/၂၀၂၆၊ ရထားပို့ဆောင်ရေး လုပ်ငန်း ဥပဒေပုဒ်မ ၈၈(က)ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



❖ *ကျော့ဖုံးမှ*

ငါးယောက်နှုန်းဖြင့် ယှဉ်ပြိုင်သည့် Mobile Legend ပြိုင်ပွဲတို့ကို စတင်ကျင်းပရာ ကျောင်းသားကျောင်းသူများနှင့် လူငယ်များ အားပါးတရ ကြည့်ရှုအားပေးကြသည်။

“ရန်ကုန်တက္ကသိုလ်မှာ အခုလို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတာ ဂုဏ်ယူပါတယ်။ တက္ကသိုလ်အနေနဲ့ မြန်မာ့အားကစားကဏ္ဍအတွက် အမြဲတံခါး ဖွင့်ထားပြီး အခုပြိုင်ပွဲမှာ ရန်ကုန်မြို့က တက္ကသိုလ်တွေသာမက ဒေသအစုံက တက္ကသိုလ်တွေက ကျောင်းသားလူငယ်တွေ ဒီမှာ စုံညီစွာ လာရောက်ပါဝင်ယှဉ်ပြိုင်ကြတာ တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်”ဟု ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက်က ပြောသည်။

ယနေ့ပြိုင်ပွဲတွင် အနိုင်ရရှိကြသည့် အသင်းများသည် ဇူလိုင် ၂၆ ရက်တွင် ဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အနိုင်ရရှိသော တက္ကသိုလ်ကိုယ်စားပြုအသင်းများကို အမျိုးသားအဆင့်ပြိုင်ပွဲများနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများအတွက် ရွေးချယ်သွားမည်ဖြစ်သည်။

“ကမ္ဘာ့ထိပ်တန်း အားကစားနည်းတစ်ရပ်ကို ရန်ကုန်တက္ကသိုလ်မှာ ပြိုင်ပွဲကျင်းပနိုင်ခဲ့တဲ့အပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးတဲ့အတွက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နဲ့ ဆရာ ဆရာမများ အားလုံးကို MESF ကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူး အထူးတင်ပါတယ်” ဟု မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောသည်။

Esports အားကစားသည် ကျောင်းသားလူငယ်များအတွက် စည်းကမ်းရှိမှု၊ အသင်းအဖွဲ့စိတ်ဓာတ်ထားရှိမှု၊ နည်းစနစ်ပိုင်းနှင့် အတွေးအခေါ် ထိုးထွင်းသိမြင်လာမှုတို့ကို ရရှိစေသော အားကစားနည်းတစ်ရပ် ဖြစ်သည်။ **သတင်းစဉ်**

**ရတနာသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

# နိုင်ငံတော်၏ အခြေခံစီးပွားရေးမဏ္ဍိုင်နှင့် MSME အခန်းကဏ္ဍ

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသော စီးပွားရေးအင်အားစုမှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးသမိုင်းကို လေ့လာပါက အကြီးစားစက်မှုလုပ်ငန်းများ အောင်မြင်ရန်အတွက် ခိုင်မာသော MSME ကဏ္ဍက နောက်ကွယ်မှ ပံ့ပိုးပေးရစမြဲ ဖြစ်သည်။**

**အိ(Hist)**

> ❍ **ထုတ်လုပ်မှုဖြစ်စဉ်များတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို အသုံးပြုခြင်းသည် ကမ္ဘာ့စံချိန်စံညွှန်းများနှင့် ကိုက်ညီစေသည်။ ဘေးထွက်ဆိုးကျိုးနည်းပါးသော Green MSMEs များသည် ရေရှည်တွင် စားသုံးသူများ၏ ပိုမိုယုံကြည်မှုကို ရရှိမည်**
>
> ❍ **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် မြန်မာ့စီးပွားရေးအဆောက်အအုံ၏ အဓိကအုတ်မြစ်များပင် ဖြစ်ပါသည်။ ဤကဏ္ဍ အားကောင်းလာစေရန်အတွက် လုပ်ငန်းရှင်များ၏ ကြိုးပမ်းမှု၊ နိုင်ငံတော်၏ မှန်ကန်သော မူဝါဒများနှင့် ပြည်သူများ၏ ပြည်တွင်းဖြစ်အားပေးမှုတို့ ဟန်ချက်ညီရန် လိုအပ်**

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား၊ သယံဇာတပေါများမှုနှင့် လုပ်သားအင်အားစုတို့ အပေါ် အခြေခံ၍ MSME များအား နည်းမှန်လမ်းမှန်ဖြင့် မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရာတွင် အထိရောက်ဆုံးသော နည်းလမ်းပင် ဖြစ်သည်။

**MSME ၏ အဓိပ္ပာယ်နှင့် အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း**

MSME ဆိုသည်မှာ လုပ်ငန်းတစ်ခု၏ ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ အလုပ်သမားအင်အားစု အနည်းအများနှင့် နှစ်စဉ်ကုန်ထုတ်လုပ်မှု တန်ဖိုးတို့အပေါ် မူတည်၍ အမျိုးအစားခွဲခြားထားခြင်း ဖြစ်သည်။ အသေးစားလုပ်ငန်းများသည် မိသားစုတစ်ပိုင် တစ်နိုင်မှ စတင်သကဲ့သို့ အလတ်စားလုပ်ငန်းများက ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကျယ်ပြန့်သည်။ ဤလုပ်ငန်းများသည် နိုင်ငံတော်စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကျော်ကို လွှမ်းမိုးထားသဖြင့် အဓိက သွေးကြောကြီးများပင် ဖြစ်ပါသည်။

နိုင်ငံခြားမှ တင်သွင်းနေရသော လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များကို ပြည်တွင်း၌ အရည်အသွေးမီ ထုတ်လုပ်နိုင်ခြင်းသည် MSME များ၏ ရည်မှန်းချက်ဖြစ်ပါသည်။ ပြည်တွင်းဖြစ်ကို အားပေးခြင်းဖြင့် နိုင်ငံခြားငွေ ယိုစီးမှုကို တားဆီးနိုင်ရုံသာမက မိမိတို့၏ ထုတ်ကုန်စွမ်းအားကို ကမ္ဘာကသိအောင် ပြသရာလည်း ရောက်ပါသည်။

MSME များသည် လူဦးရေအများစုကို အလုပ်အကိုင်ပေးထားနိုင်သော ကဏ္ဍဖြစ်သည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများနှင့် လူငယ်များအတွက် ဒေသတွင်း၌ပင် အလုပ်အကိုင်ရရှိစေခြင်းဖြင့် မြို့ပြသို့ ပြောင်းရွှေ့အခြေချမှုကို လျှော့ချပေးနိုင်ကာ လူမှုရေးပြဿနာများကိုပါ တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးရာ ရောက်ပါသည်။

ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများကို MSME လုပ်ငန်းများအတွင်း ထည့်သွင်းအသုံးချခြင်းက ထုတ်လုပ်မှုစွမ်းအားကို နှစ်ဆတိုးစေသည်။ ရိုးရာလုပ်ငန်းများတွင် ခေတ်မီနည်းပညာကို ပေါင်းစပ်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး အရည်အသွေးမြင့်မားသော ထုတ်ကုန်များ ဖန်တီးလာနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် စနစ်တကျ ပြုပြင်ထုတ်လုပ်၍ တန်ဖိုးမြှင့်ကုန်ချောများအဖြစ် ပြောင်းလဲခြင်းသည် MSME များ၏ အဓိကတာဝန်ဖြစ်သည်။ ဥပမာအားဖြင့် သီးနှံများကို အခြောက်ခံခြင်း၊ အနှစ်ပြုလုပ်ခြင်းနှင့် စံချိန်မီထုပ်ပိုးခြင်းတို့ဖြင့် ပြည်ပဈေးကွက်သို့ ပိုမိုမြင့်မားသော ဈေးနှုန်းဖြင့် တင်ပို့နိုင်ပါသည်။

မြို့ကြီးများတွင်သာ စီးပွားရေး စုပြုံမနေစေဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ဒေသထွက်ကုန်များကို အခြေခံသည့် MSME များ ပေါ်ထွန်းလာခြင်းက ဒေသအလိုက် ဖွံ့ဖြိုးမှု ကွာဟချက်ကို ကျဉ်းမြောင်းစေသည်။ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Village One Product) စနစ်ကို ဖော်ဆောင်နိုင်ခြင်းက အားရဖွယ်ရာ ဖြစ်ပါသည်။

လုပ်ငန်းများ ချဲ့ထွင်ရာတွင် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများအတွက် အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ပေးခြင်းသည် MSME များအတွက် သက်စောင့်အားဆေးပင်ဖြစ်သည်။ စနစ်ကျသော ဘဏ္ဍာရေးစီမံခန့်ခွဲမှုသည် လုပ်ငန်းရှင်များအတွက် မရှိမဖြစ် လိုအပ်လျက်ရှိပါသည်။

**ဈေးကွက်ရှာဖွေရေးနှင့် ပြိုင်ဆိုင်မှုစွမ်းရည် မြှင့်တင်ခြင်း**

ပြည်တွင်းဈေးကွက် ခိုင်မာရုံသာမက အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် အရည်အသွေး စီမံခန့်ခွဲမှုစနစ်များ ကျင့်သုံးရမည်။ ကုန်စည်ပြပွဲများ ကျင်းပခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့၏ ထုတ်ကုန်ကို စားသုံးသူများ ပိုမိုသိရှိစေရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် အွန်လိုင်းမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်ခြင်းသည် MSME များအတွက် စရိတ်သက်သာပြီး ထိရောက်သော နည်းလမ်းဖြစ်ပါသည်။ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် လူမှုကွန်ရက် ဈေးကွက်ရှာဖွေရေးကို ကျွမ်းကျင်စွာ အသုံးချခြင်းဖြင့် လုပ်ငန်းနယ်ပယ်ကို အကန့်အသတ်မရှိ ချဲ့ထွင်နိုင်ပါသည်။

MSME များ ရှင်သန်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းနှင့် အခွန်ကင်းလွတ်ခွင့်များ ပေးခြင်းတို့သည် နိုင်ငံတော်၏ ပံ့ပိုးမှုများဖြစ်သည်။ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် လွယ်ကူချောမွေ့စေခြင်းကလုပ်ငန်းရှင်အသစ်များ ပေါ်ထွက်လာစေရန် အားပေးရာရောက်ပါသည်။

လုပ်ငန်းရှင်များနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုအဆင့်အတန်း မြင့်မားစေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်းများ စဉ်ဆက်မပြတ် ပေးအပ်ရပါမည်။ ကျွမ်းကျင်လုပ်သားရှိခြင်းသည် ထုတ်လုပ်မှု အလေအလွင့်ကို လျှော့ချပေးနိုင်ရုံသာမက ထုတ်ကုန်၏ ဂုဏ်သိက္ခာကိုပါ မြှင့်တင်ပေးနိုင်ပါသည်။

ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းများကို အချိတ်အဆက်မိမိ အသုံးချနိုင်ခြင်းသည် ထုတ်လုပ်မှုစရိတ်ကို သက်သာစေသည်။ ကုန်ကြမ်းထုတ်လုပ်သူမှသည် စားသုံးသူ လက်ဝယ်ရောက်ရှိသည်အထိ စနစ်တကျ ချိတ်ဆက်ထားသော Supply Chain စနစ်က MSME များ၏ အောင်မြင်မှုကို အထောက်အပံ့ ဖြစ်စေပါသည်။

ထုတ်လုပ်မှုဖြစ်စဉ်များတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို အသုံးပြုခြင်းသည် ကမ္ဘာ့စံချိန်စံညွှန်းများနှင့် ကိုက်ညီစေသည်။ ဘေးထွက်ဆိုးကျိုးနည်းပါးသော Green MSMEs များသည် ရေရှည်တွင် စားသုံးသူများ၏ ပိုမိုယုံကြည်မှုကို ရရှိမည်ဖြစ်ပါသည်။

လုပ်ငန်းခွင်အတွင်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် လူငယ်များ၏ တီထွင်ဆန်းသစ်မှုများက MSME ကဏ္ဍကို ပိုမိုတက်ကြွစေသည်။ ၎င်းတို့အတွက် သီးသန့်ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးခြင်းဖြင့် မိသားစုဝင်ငွေနှင့် လူမှုစီးပွားဘဝကို သိသိသာသာ ပြောင်းလဲစေနိုင်သည်။

**အရည်အသွေး စစ်ဆေးခြင်းနှင့် လက်မှတ်ရရှိမှု (Certification)**

FDA၊ ISO နှင့် အခြားသော အရည်အသွေးအသိအမှတ်ပြု လက်မှတ်များရရှိရန် ကြိုးပမ်းခြင်းသည် ပြည်ပသို့ ကုန်စည်တင်ပို့ရာတွင် အဓိက အတားအဆီးများကို ကျော်လွှားစေနိုင်ပါသည်။ စားသုံးသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုကို အလေးထားခြင်းက လုပ်ငန်း၏ရေရှည်တည်တံ့မှုကို အာမခံနိုင်ပါသည်။

လျှပ်စစ်မီး လုံလောက်မှုမရှိခြင်း၊ ကုန်ကြမ်းဈေးနှုန်းမတည်ငြိမ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဖြေရှင်းရပါမည်။ အစုအဖွဲ့လိုက် (Cluster) စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းက အခက်အခဲများကို စုပေါင်းကျော်လွှားနိုင်စေပါသည်။

လုပ်ငန်းတစ်ခု ရေရှည်ရပ်တည်နိုင်ရန်မှာ စနစ်ကျသော စာရင်းထိန်းသိမ်းမှုရှိရန် လိုအပ်ပါသည်။ ဝင်ငွေ၊ ထွက်ငွေနှင့် အမြတ်အစွန်းကို တိကျစွာ တွက်ချက်နိုင်ခြင်းဖြင့် လုပ်ငန်း၏အခြေအနေမှန်ကို သိရှိကာ ရှေ့လုပ်ငန်းစဉ်များကို မှန်ကန်စွာ ချမှတ်နိုင်မည်ဖြစ်ပါသည်။

တူညီသော လုပ်ငန်းအမျိုးအစားအလိုက် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် သတင်းအချက်အလက်ဖလှယ်ခြင်း၊ ကုန်ကြမ်းများကို စုပေါင်းဝယ်ယူခြင်းနှင့် ဈေးကွက်ကို စုပေါင်းထိန်းချုပ်ခြင်းတို့ ပြုလုပ်နိုင်သည်။ ဤစုပေါင်းအင်အားသည် တစ်ဦးချင်း ဆောင်ရွက်ခြင်းထက် ပိုမိုအားကောင်းစေပါသည်။

နိုင်ငံတကာမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Joint Venture) သည် အတွေ့အကြုံသစ်များ ရရှိစေသည်။ ထိုမှတစ်ဆင့် နိုင်ငံတကာစံနှုန်းများကို လေ့လာနိုင်ကာ မိမိတို့၏ အရည်အသွေးကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်**

MSME များသည် နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်သော အခြေခံအုတ်မြစ်များဖြစ်သည်။ ၎င်းတို့ အောင်မြင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ လူနေမှု အဆင့်အတန်းမြင့်မားလာခြင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ကျခြင်းနှင့် နိုင်ငံတော်ခေတ်မီတိုးတက်ခြင်းကို ဦးတည်စေပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် မြန်မာ့စီးပွားရေးအဆောက်အအုံ၏ အဓိကအုတ်မြစ်များပင် ဖြစ်ပါသည်။ ဤကဏ္ဍ အားကောင်းလာစေရန်အတွက် လုပ်ငန်းရှင်များ၏ ကြိုးပမ်းမှု၊ နိုင်ငံတော်၏ မှန်ကန်သော မူဝါဒများနှင့် ပြည်သူများ၏ ပြည်တွင်းဖြစ်အားပေးမှုတို့ ဟန်ချက်ညီရန် လိုအပ်ပါသည်။ MSME များ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ စုစုပေါင်းထုတ်ကုန်တန်ဖိုး (GDP) ကို မြှင့်တင်ပေးနိုင်ရုံသာမက တောင့်တင်းခိုင်မာသော စီးပွားရေး အင်အားစုအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**မိုင်းဖြတ် ဇူလိုင် ၂၅**

လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းနှင့်သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားသည်။



ထို့နောက် တာချီလိတ်ခရိုင် အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ထွေးဝင်းက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းမှ ထွက်ရှိသည့် ကုန်ချောပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားအုန်းဆီကိုယ်စားလှယ်များပူးပေါင်း၍ စားအုန်းဆီဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချမှု ရှိ မရှိကို ဇူလိုင် ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

ရဲကိုမောင် (ပြန်/ဆက်)

## သံဖြူဇရပ်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း



**သံဖြူဇရပ် ဇူလိုင် ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အတွက် ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဆင်းပွဲကို ယမန်နေ့က သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သံဖြူဇရပ်မြို့နယ် ဥပဒေအရာရှိက သင်တန်းဆင်း အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ထူးချွန် သင်တန်းသားများအား ပြည်နယ် ဥပဒေချုပ်၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်

**ဘိုကလေး ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၈)ရပ်ကွက် မေမေ့သားဆန်စက်အနီး မြစ်ရေပြင်ကမ်းနား၌ ယနေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနကဦးစီး၍ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်ရာ မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ စက်လှေမီးလောင်မှုဖြစ်စဉ်တွင် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြခြင်းတို့ကို လေ့ကျင့်ပြသကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှငွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **မိုးစက်(ဘိုကလေး)**



## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် အချို့နေရာများတွင် မိုးကြီးနိုင်ပြီး လှိုင်းကြီးနိုင်ကာ မြန်မာ့ကမ်းရိုးတန်း၌ လှိုင်းအမြင့်မှာ ၉ ပေမှ ၁၁ ပေအထိ မြင့်တက်နိုင်

**ရန်ကုန် ဇူလိုင် ၂၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် လေထုမငြိမ်မသက်ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း အသိပေးထားသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ကာ လှိုင်းကြီးနိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၁ ပေအထိ မြင့်တက်နိုင်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိရှိနိုင်ခြင်းကြောင့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုဆောင်ရွက်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသနှင့် မြစ်ချောင်းအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးခရီးစဉ်များလည်း သတိပြုရန် တိုက်တွန်းနှိုးဆော်ထားသည်။ **TWA**



## လက်ပံတန်း၌ KG ကျောင်းသားများအား အာဟာရကျွေးမွေး

**လက်ပံတန်း ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့်



မြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေး အာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အထက(ကျေးနီ)ကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လွင်မာစိုးနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးရန်လင်းနိုင်နှင့် ဆရာဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက KG တန်းမှ ကျောင်းသားကျောင်းသူများအား ထမင်း၊ ကြက်သားဟင်း၊ ငှက်ပျောသီး၊ ဗီတာမင်ဒီနှင့် သတ္တုဓာတ်ပါဝင်သည့် ဖြည့်စွက်အာဟာရများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သန်လျင်ပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်ဆေးစက်များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၅**

သန်လျင်ပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်ဆေးစက်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ဆေးရုံအုပ်ကြီးရုံးခန်းမ၌ ပြုလုပ်ရာ သန်လျင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်က ကျောက်ကပ်သန့်စင်စက်များဖြင့် ကျောက်ကပ်ဝေဒနာရှင်များ ကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ကပ်သန့်စင်စက် အလှူရှင်များဖြစ်ကြသော သန်လျင်မြို့နယ် သုဝဏ္ဏကွင်းကျေးရွာနေ (ဦးသန်းအေး)-ဒေါ်ဝင်းကြည် (ပြည်ကြီးရတနာဆန်စက်) နှင့် သန်လျင်မြို့ မြို့မဈေးရုံ (၆) အခန်း (၁၇-၁၈)နေ ဦးကျော်ဆွေ-ဒေါ်မြမြအေး (အအေးနှင့်ကုန်မျိုးစုံ)မိသားစုတို့က တစ်လုံးလျှင် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိကျောက်ကပ်သန့်စင်စက်များပေးအပ်လှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာချောနဒီတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **သန်းဝင်း(သန်လျင်)**



## စာဖတ်စွမ်းရည်မြှင့်တင်ရေးနှင့် လူငယ်စကားဝိုင်းကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမကောလိပ်(မန္တလေး)တွင် စာဖတ်စွမ်းရည်မြှင့်တင်ရေး အခမ်းအနားကို ယမန်နေ့က ရန်ကင်းခန်းမ၌ ကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူ ၂၃ ဦး တို့က ဖတ်ရှုလေ့လာထားသည့် စာအုပ်တစ်အုပ်စီ၏ အကြောင်းအရာ အနှစ်ချုပ်ကို တင်ပြကြပြီး အကောင်းဆုံးတင်ပြနိုင်သူ ၃ ဦးအား ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေးက ဆုများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အဆိုပါခန်းမ၌ ပုသိမ်ကြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သမဝါယမကောလိပ် (မန္တလေး) တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း အစီအစဉ်ကို ကျင်းပရာ



ကျောင်းအုပ်ကြီးက အမှာစကား ပြောကြားပြီး လူငယ်စကားဝိုင်းတွင် လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်နှစ်ခုဖြင့် ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုနာကိုကွင်းလယ်ကစားသမား ဘမ်ဘာကို နယူးကာဆယ်ခေါ်ယူ



နယူးကာဆယ် အသင်းသည် မိုနာကိုကွင်းလယ် ကစားသမား အာလာဂျီဘမ်ဘာကို ပေါင် ၃၄ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၀ အရွယ် အဆိုပါ ပြင်သစ် ကွင်းလယ်ကစားသမား ဘမ်ဘာသည် ဇူလိုင် ၂၃ ရက်က ဆေးစစ်မှုခံယူပြီးနောက် နယူးကာဆယ်အသင်းနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ ဘမ်ဘာသည် ၎င်း၏ ကစားသမားဘဝကို ပြီးခဲ့သည့်ရာသီတွင် စတင်ခဲ့သူဖြစ်သော်လည်း လီဂူးဝမ်းနှင့် ချန်ပီယံလိဂ်တွင် ပြသခဲ့သော ခြေစွမ်းကို ကြိုက်နှစ်သက်သည့်အတွက် နယူးကာဆယ်အသင်းက အသင်း သို့ ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ **အောင်ဇော်**




ချောက်မြို့နယ်ရှိ ဆီလက်လီလက်ကား ရောင်းချလျက်ရှိသည့် ဆီကိုယ်စားလှယ်များအနေဖြင့် စားအုန်းဆီများအား ပြည်သူများလက်ဝယ်အရောက် အမှန်တကယ်ရောင်းချပေးခြင်းရှိမရှိနှင့် စက်မှုလုပ်ငန်းသုံးဆီများ အမှန်အကန် ရရှိသုံးစွဲမှု ရှိ မရှိကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင် ကြီးကြပ်မှုဖြင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဒေါ်ညိုလေးဖြူနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ဇူလိုင် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ မြတ်မြတ်မိုး(DOCA Chauk)

# ယခုနှစ်အတွင်း ပြင်သစ်နိုင်ငံ၌ မြေဟက်တာပေါင်း ၉၈၀၀၀ ခန့် မီးလောင်



**ပါရီ ဇူလိုင် ၂၅**

၂၀၂၆ ခုနှစ်အတွင်း ပြင်သစ်နိုင်ငံတစ်လွှား တောမီးလောင်မှုများကြောင့် မြေဟက်တာပေါင်း ၉၈၀၀၀ ခန့် မီးလောင်ခဲ့ပြီး အဆိုပါဖြစ်ရပ်မှာ ပြင်သစ်နိုင်ငံ သမိုင်းတစ်လျှောက် တောမီးလောင်မှုအများဆုံး စံချိန်တင်ခဲ့ကြောင်း ပြင်သစ်အာဏာပိုင်များက ဇူလိုင် ၂၅ ရက်တွင် ပြောသည်။

နိုင်ငံအတွင်း မငြိမ်းသတ်နိုင်သေးသည့် တောမီးများဆက်လက်ရှိနေဆဲဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး လောရင့်နူနက်ဇ် က ပြောသည်။ လက်ရှိဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေကြောင့် ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသည်။

ဂီရွန်ဒ်ဒေသတွင် တောမီးများ ဆက်လက်လောင်နေသည့်အတွက် တစ်ညအတွင်း လူပေါင်း ၅၇၀၀၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး အဆိုပါဒေသတွင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသူအရေအတွက်မှာ ၁၆၇၀၀၀ အထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း တောမီးများဆက်လက်ပျံ့နှံ့နေသည့်အတွက် ပြင်သစ်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ၏ အရပ်ဘက်ကာကွယ်ရေးယန္တရားကို စတင်ဆောင်ရွက်ပေးရန် တောင်းဆိုထားကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြောသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေလွှမ်းမိုးမှုကြောင့် ၆၂ ဦး သေဆုံးပြီး ရှစ်ဦး ပျောက်ဆုံး

**နယူးဒေလီ ဇူလိုင် ၂၅**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ လက်ရှိဖြစ်ပေါ်နေသည့် ရေလွှမ်းမိုးမှုကြောင့် ၆၂ ဦး သေဆုံးပြီး ရှစ်ဦး ပျောက်ဆုံးနေကြောင်း အာသံပြည်နယ်ဝန်ကြီးချုပ် ဟီမန်တာ ဘစ်ဝါ ဆာမာက ပြောသည်။

ရေလွှမ်းမိုးမှုဒဏ်ကို လူပေါင်း ၁ ဒသမ ၁ သန်းခန့် ခံစားနေရသည်။ အခြေအနေမှာ ဆက်လက်ဆိုးရွားနေဆဲဖြစ်ပြီး ပြည်နယ်အတွင်းရှိ နောက်ထပ် ခရိုင် ၂၅ ခုတွင်ပါ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရသည်။ ကျေးရွာပေါင်း ၂၁၀၁ ရွာ ရေနစ်မြုပ်နေပြီး လူပေါင်း ၁၁၀၀၈၂၀ မှာ ရေလွှမ်းမိုးမှုဒဏ်ခံစားနေရသည်ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။ ကယ်ဆယ်ရေးစခန်း ၁၇၀ ထူထောင်ထားပြီး သက်သာချောင်ချိရေးပစ္စည်းများဖြန့်ဝေသည့်စင်တာ ၁၃၀၄ ခုရှိကြောင်း၊ အဆိုပါနေရာများတွင် လူပေါင်း ၄၅၀၀၄ ဦးမှာ အစားအသောက်နှင့် ခိုလှုံရာနေရာများရရှိထားကြောင်း အာဏာပိုင်များက ပြောသည်။

ပြည်နယ်အတွင်းရှိ ရေလွှမ်းမိုးမှုဖြစ်ပေါ်နေသည့် ခရိုင် ၂၅ ခုတွင် ဒေသခံအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ အာသံပြည်နယ်၌ မုတ်သုံကာလတွင် နှစ်စဉ်ရေကြီးမှုဖြစ်ပေါ်လေ့ရှိသည်။ **ဆင်ဟွာ**

## လက်ဘနွန်နိုင်ငံတစ်လွှား နေရပ်စွန့်ခွာသူပေါင်း ၇၅၀၀၀၀ ကျော် နေရပ်ပြန်

**ဂျီနီဗာ ဇူလိုင် ၂၅**

လက်ဘနွန်နိုင်ငံတစ်လွှား နေရပ်စွန့်ခွာလာသူလူပေါင်း တစ်သန်းကျော်ထဲမှ ၇၅၀၀၀၀ ကျော်မှာ ယခုအခါ ၎င်းတို့၏နေရပ်သို့ ပြန်သွားကြပြီဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့က ဇူလိုင် ၂၄ ရက်တွင် ပြောသည်။ လူပေါင်း ၃၇၅၀၀၀ မှာမူ နေရပ်သို့ ပြန်နိုင်ခြင်းမရှိသေးချေ။ ၎င်းတို့မှာ လုံခြုံမှုမရှိခြင်း၊ နေအိမ်များ ဖျက်ဆီးခံထားရခြင်းနှင့် ဖောက်ခွဲရေးပစ္စည်းများ အန္တရာယ်ကြောင့် ၎င်းတို့မူရင်းဒေသသို့ မပြန်နိုင်ကြသေးကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ပြောသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား၌ နိုင်ငံခြားခရီးသွား ၁၁ ဦး လိုက်ပါသည့် အမြန်ရေယာဉ်ပျောက်ဆုံးမှု ရှာဖွေလျက်ရှိ

**ဂျကာတာ ဇူလိုင် ၂၅**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဂိုရွန်တာလိုပြည်နယ်၌ ပျောက်ဆုံးသွားသည့် နိုင်ငံခြားခရီးသွား ၁၁ ဦး တင်ဆောင်လာသော အမြန်ရေယာဉ်တစ်စင်းကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ဒေသတွင်းအာဏာပိုင်များက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားအမှုထမ်းအဖွဲ့ဝင် နှစ်ဦးနှင့် ဥရောပနိုင်ငံများမှ ခရီးသွား ၁၁ ဦး လိုက်ပါခဲ့သည့် အဆိုပါရေယာဉ်သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ဆူလာဝေစီပြည်နယ်အလယ်ပိုင်း ရေငုပ်အပန်းဖြေစခန်းတစ်ခုမှ ထွက်ခွာခဲ့ပြီး ဂိုရွန်တာလိုပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုသို့ သွားရောက်ခဲ့ကြောင်း၊ အဆိုပါရေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီဝန်းကျင်တွင် ရောက်ရှိရန်စီစဉ်ခဲ့သော်လည်း သွားမည့်နေရာသို့ မရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်းတို့သည် ဇူလိုင် ၂၄ ရက် အစောပိုင်းက သတင်းရရှိခဲ့ပြီးနောက် ချက်ချင်းရှာဖွေရေးလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်ဟု ဂိုရွန်တာလိုရှာဖွေကယ်ဆယ်ရေးရုံးမှ အကြီးအကဲဖြစ်သူ ဟာရီယန်တိုက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။ **ဆင်ဟွာ**



## ရိုမေးနီးယားက နိုင်ငံလေပိုင်နက်အတွင်း ဝင်ရောက်လာသော ဒရုန်းများကို ပစ်ချ

**ဘူခါရက်စ် ဇူလိုင် ၂၅**

ရိုမေးနီးယားနိုင်ငံသည် နိုင်ငံ၏ လေပိုင်နက်အတွင်းသို့ ချိုးဖောက်ဝင်ရောက်လာသော နောက်ထပ်ဒရုန်းတစ်စင်းကို ပစ်ချခဲ့ကြောင်း သမ္မတ နီကူဆောဒန်က ဇူလိုင် ၂၅ ရက်တွင် ပြောသည်။

ယင်းသို့ ပစ်ချမှုမှာ နှစ်ရက်အတွင်း ဒုတိယမြောက်ဖြစ်ကြောင်း သိရသည်။ ယင်းဒရုန်းကို နိုင်ငံအလယ်ပိုင်း စဖန်တူဂျော့ဂ်မြို့၏ အနောက်ဘက် ၁၀ ကီလိုမီတာခန့်အကွာတွင် ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ဒန်က ပြောသည်။ ရိုမေးနီးယားနိုင်ငံ၏ ရေဒါစောင့်ကြည့်ရေးစနစ်များသည် လေပိုင်နက်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ချိုးဖောက်ဝင်ရောက်လာသော ဒရုန်းတစ်စင်းကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၄ ရက်ကလည်း ဘူဇောင်ဒေသတွင် ဒရုန်းတစ်စင်းကို ပစ်ချခဲ့ကြောင်း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ငါးရက်ဆက် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်ကျော်လာ

**တိုကျို ဇူလိုင် ၂၅**




ဂျပန်နိုင်ငံ၌ အထူးသဖြင့် အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဇူလိုင် ၂၅ ရက်က အပူချိန်မြင့်တက်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲ နောက်ပိုင်းတွင် နိုင်ငံအလယ်ပိုင်း မီအဲခရိုင် ကူဝါနာမြို့တွင် အပူချိန် ၄၀ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယင်းမှာ ဂျပန်နိုင်ငံတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ရှိခြင်းမှာ ငါးရက်ဆက်တိုက်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အပူချိန်မြင့်တက်မှုအရှည်ကြာဆုံးဖြစ်သည်။ အအီချီ၊ ဂီဖူနှင့် ဝါကာယာမာခရိုင်တို့တွင် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ရှိခဲ့သည်။

အပူလျှပ်မှုဆိုင်ရာ သတိပေးချက်များကို နိုင်ငံ၏ ခရိုင် ၄၇ ခုအနက် ၃၇ ခုတွင် ထုတ်ပြန်ထားကြောင်းနှင့် အပူလျှပ်ဖြစ်ပွားသူအရေအတွက်မှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

■

## ကိုလံဘီယာ၌ ၁၂ လကြာ နိုင်ငံတော်အဆင့် သဘာဝဘေးအန္တရာယ်အခြေအနေ ထုတ်ပြန်ကြေညာ

**ဘိုဂိုတာ ဇူလိုင် ၂၅**

ကိုလံဘီယာအစိုးရသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံတော်အဆင့် သဘာဝဘေးအန္တရာယ်အခြေအနေကို ၁၂ လကြာ ထုတ်ပြန်ကြေညာလိုက်ကြောင်း သမ္မတ ဂူစတာဗို ပီထရိုက ဇူလိုင် ၂၄ ရက်တွင် ပြောသည်။

ယခုနှစ် ဒီဇင်ဘာလနှင့် လာမည့် ၂၀၂၇ ခုနှစ် မတ်လကြားတွင် နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် အလွန်ဆိုးရွားပြင်းထန်သည့် မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ကိုလံဘီယာနိုင်ငံသမိုင်းတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ဖူးခြင်းမရှိသည့် အတိုင်းအတာအလွန်ကြီးမားသော မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နိုင်ခြေမှာ အလွန်မြင့်မားကြောင်း ၎င်းက လူမှုကွန်ရက် X တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အရေးပေါ်အခြေအနေများကို ဖြေရှင်းဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်း၊ ရေမြိုးခြံ ချွေတာရေးကိုမြှင့်တင်မည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် ခက်ခဲသည့် ဒေသများတွင် စားနပ်ရိက္ခာဖူလုံမှုအားကောင်းစေရေး စီမံဆောင်ရွက်ခြင်းတို့ပါဝင်ကြောင်း သိရသည်။



ဘိုဂိုတာမြို့၌ တောမီးလောင်မှုကို ယခုနှစ် ဇန်နဝါရီလက မြင်တွေ့ရစဉ်။

ကိုလံဘီယာ ဇလဗေဒ၊ မိုးလေဝသနှင့် ပတ်ဝန်းကျင်လေ့လာစောင့်ကြည့်ရေးအင်စတီကျူ၏ ထုတ်ပြန်ချက်အရ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်မှာ နိုင်ငံ၏ဒေသအများအပြားတွင် စတင်သက်ရောက်နေပြီဖြစ်ကြောင်းနှင့် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ကိုလံဘိုမြို့၌ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံကို ဆွဲဆောင်နိုင်ခဲ့

**ကိုလံဘို ဇူလိုင် ၂၅**

ဆိပ်ကမ်းမြို့တော် ကိုလံဘိုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံဘဏ္ဍာရေးနှင့် စီမံကိန်းဒုတိယဝန်ကြီး အာနေးလ် ဂျာယန်ထာ ဖာနန်ဒိုက ဇူလိုင် ၂၄ ရက်တွင် လွှတ်တော်၌ ပြောကြားသည်။

ကိုလံဘိုမြို့အနီး မြေယာဖော်ယူထားသည့်မြေပေါ်တွင် တည်ဆောက်ထားသည့် အထူးစီးပွားရေးဇုန်သည် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက် ၁၇၆ ခုကို ဆွဲဆောင်နိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်နေသူ ဖာနန်ဒိုက ဆက်လက်ပြောကြားသည်။

ရင်းနှီးမြှုပ်နှံသူများက ဒေါ်လာ ၃၃၆ ဒသမ ၆၇ သန်း တန်ဖိုးရှိ စီမံကိန်းကို အပြီးသတ်နိုင်ခဲ့ပြီး ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံသူလျှောက်လွှာ ၅၄ ခုကို အာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## ဘီးလင်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

**ဘီးလင်း ဇူလိုင် ၂၅**

ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာနေပြည်သူများအား မြေငှားဂရန်များ ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးချစ်သိန်းက မြေငှားဂရန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကျိုက်ထိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ကျေးရွာမြေငှားဂရန် ခွင့်ပြုချထားပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး



နှင့် တာဝန်ရှိသူတို့က ကျောက်ရေတွင်းကျေးရွာမှ ဒေသခံပြည်သူ ၂၉ ဦးထံ မြေငှားဂရန်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဘီးလင်း(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ ကျေးရွာမြေငှားဂရန် ထုတ်ပေး

**တိုက်ကြီး ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက မေတ္တာအေးကျေးရွာ အောင်မြင့်မိုရ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသူအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသက်တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖိုးကျော်က ကျေးရွာမြေငှားဂရန်ထုတ်ပေးရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြည်သူ ၆၈ ဦးအား မြေငှားဂရန်များ တစ်ဦးချင်းပေးအပ်ခဲ့ပြီး ယနေ့အထိ ကျေးရွာမြေငှားဂရန် စုစုပေါင်း ၂၂၁ ခု ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



## လှိုင်လင်မြို့ အောင်ချမ်းသာ သမအသင်းသားများ၏ စုဆောင်းငွေပေါ်အတိုးပေးအပ်

**လှိုင်လင် ဇူလိုင် ၂၅**

လှိုင်လင်မြို့ အောင်ချမ်းသာ အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး



သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အသင်းသားများ၏စုဆောင်းငွေပေါ် အတိုးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းသားများ၏ စုဆောင်းငွေပေါ်အတိုးငွေကျပ် ၂၀၁၉၈၁၀၀ ကို မြို့နယ်ရဲမှူးက ပေးအပ်ရာ အသင်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

**လှိုင်လင်မိုး**

## ဘိုကလေးမြို့နယ်၌ မိုးစပါးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

**ဘိုကလေး ဇူလိုင် ၂၅**

ဘိုကလေးမြို့နယ် ရပ်ဆိုင်ကျေးရွာအုပ်စု ဇေယျာသိဂီဝင်း ဆန်စက်၌ ဇူလိုင် ၂၃ ရက်က Rice Export Zone ဆောင်ရွက်သည့် Arise Co., Ltd. မှ Export Zone ၅၃၇၂ ကေတွင် ပါဝင်ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုပွဲ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက Export Zone ဆောင်ရွက်



မည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးကာ တာဝန်ရှိသူများက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## ဆရာအတတ် ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် ဆင့်ပွားဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဆရာအတတ်ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF Level-2) ခရိုင်အဆင့် ဆင့်ပွားဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ကမာရွတ်ခရိုင် ပညာရေးမှူး ဒေါ်စုစုလှိုင်က အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို အခြေခံပညာအလယ်တန်းဆင့်သင် (အတွေ့အကြုံရှိ) ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် ဖွင့်လှစ်ဆွေးနွေးခြင်းဖြစ်ပြီး အလုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့မှ ဆရာ ဆရာမ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ကြကာ ဆရာ ဆရာမ လေးဦးတို့က ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ သင်ကြားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**




## ရေကြည်မြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ ကျင်းပ




**ရေကြည် ဇူလိုင် ၂၅**

ရေကြည်မြို့နယ် ညောင်ငူကျေးရွာ စိမ်းလဲ့ရေကြည်ခန်းမ၌ မြေငှားဂရန်ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပရာ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်အဆင့်တာဝန်ရှိသူများက ညောင်ငူကျေးရွာရှိ အိမ်ခြေ ၃၆ လုံး၊ ရွာမြေ ၅ ဒသမ ၁၁၄ ဧကကို ဒေသခံပြည်သူများ လက်ဝယ်သို့ မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် ကျောင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းများကို ဇူလိုင် ၂၃ ရက်က အခြေခံပညာအထက်တန်း ကျောင်းများသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အာဟာရမျှတစွာ နေထိုင်စားသောက်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ မျက်စိစစ်ဆေးခြင်း၊



သွားနှင့် ခံတွင်းရောဂါစစ်ဆေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟန်နီ**

**(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**လယ်ဝေး ဇူလိုင် ၂၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်က အုတ်ဖိုဇောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းငွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးရာ ဒေသခံပြည်သူများက မိမိတို့ရပ်ရွာအတွင်း လိုအပ်ချက်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)




## မုဒုံမြို့၌ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးစေရန် ငှက်ပျောပင်စိုက်ပျိုး



**မုဒုံ ဇူလိုင် ၂၅**

မွန်ပြည်နယ် မုဒုံမြို့တွင် ကျောင်းတွင်း အာဟာရလိုအပ်ချက်ကို ရေရှည်ဖြည့်ဆည်းပေးရန်အတွက် ငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က အထက(၁)ကျောင်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ဖီးကြမ်းနှင့် သီးမွှေးငှက်ပျောပင် အပင် ၁၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရာမည**

**(ပြန်/ဆက်)**

# လယ်ယာမြေအတွင်း သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ပိုမိုစိုက်ပျိုးစေချင်

**ယနေ့အချိန်အခါတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ ထွန်းကားလာသည်နှင့်အမျှ တောင်သူအများစုက ရေတိုအကျိုးအမြတ်နှင့် အထွက်နှုန်းကိုသာ ဦးစားပေးပြီး ဓာတ်မြေဩဇာများနှင့် စိုက်ပျိုးရေး ဓာတုဆေးဝါးများကို အလွန်အကျွံ သုံးစွဲလာကြသည်။ ထိုသို့သုံးစွဲမှု နောက်ဆက်တွဲအဖြစ် မြေဆီလွှာများ မာဆတ်လာခြင်း၊ မြေချဉ်ငန်ကိန်း (pH) ပျက်စီးလာခြင်းနှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးမွှားများ ကွယ်ပျောက်လာခြင်း စသည့် “မြေဆာခဲ” ဖြစ်ရပ်များနှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။**

**ချစ်သက်လယ် (မြန်/ဆက်)**

ဤပြဿနာကို ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ကုန်ကျစရိတ်အသက်သာဆုံး ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းတစ်ခုမှာ ရှေးယခင်ကတည်းက သုံးစွဲခဲ့ကြသည့် သဘာဝသစ်စိမ်းမြေဩဇာဖြစ်သော “ပိုက်ဆံလျှော်” ကို လယ်ယာမြေများအတွင်း ပြန်လည်ပြီး တိုးချဲ့စိုက်ပျိုးကြရန်ပင် ဖြစ်သည်။

**ပိုက်ဆံလျှော်ဆိုသည်မှာ အဘယ်နည်း**

ပိုက်ဆံလျှော်(သိပ္ပံအမည်: Crotalaria juncea) သည် ပဲမျိုးရင်းဝင် တစ်နှစ်ခံ အပင်မြန်ဆန်စွာကြီးထွားသည့် အပင်အမျိုးအစား ဖြစ်သည်။ အပူပိုင်းနှင့် သမအပူပိုင်းဒေသများတွင် ဖြစ်ထွန်းလွယ်ပြီး မြေဆီလွှာမရွေးဘဲ ရှင်သန်နိုင်စွမ်းရှိသည်။ ယင်းကို အမျှင်ထုတ်လုပ်ရန် သို့မဟုတ် တိရစ္ဆာန်အစာအဖြစ် စိုက်ပျိုးကြသော်လည်း ယနေ့ခေတ်တွင် မြေဆီလွှာအရည်အသွေးကို ပြန်လည်မြှင့်တင်ပေးနိုင်သည့် အကောင်းဆုံးသော သစ်စိမ်းမြေဩဇာပင်အဖြစ် ကမ္ဘာ့စိုက်ပျိုးရေးလောကက အသိအမှတ်ပြုထားကြသည်။

**လယ်ယာမြေအတွင်း ပိုက်ဆံလျှော် ပိုမိုစိုက်ပျိုးသင့်သည့် အကြောင်းရင်းများ**

ပိုက်ဆံလျှော်ကို မိမိတို့၏ လယ်ကွင်းများအတွင်း သီးညှပ် သို့မဟုတ် သီးလှည့်အဖြစ် စိုက်ပျိုးခြင်းဖြင့် အောက်ပါရေရှည်အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်-

**၁။ သဘာဝအတိုင်း ရရှိမည့် အခမဲ့နိုက်ထရိုဂျင်စက်ရုံ**

ပဲမျိုးရင်းဝင်အပင်များ၏ ထူးခြားချက်မှာ ယင်းတို့၏ အမြစ်များတွင် ရိုင်ဇိုဘီယမ် (Rhizobium) ခေါ် အကျိုးပြုဗက်တီးရီးယားများ အသိုက်အမြုံဖွဲ့နေထိုင်သည့် အမြစ်ဖုကလေးများ ရှိနေခြင်းဖြစ်သည်။ ပိုက်ဆံလျှော်သည် လေထုထဲတွင်ရှိသော နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပြီး မြေကြီးထဲသို့ သိုလှောင်ပေးနိုင်သည်။ သုတေသနပြုချက်များအရ ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ် မြေမြှုပ်စိုက်ပျိုးခြင်းဖြင့် တစ်ဧကလျှင် ဓာတ်မြေဩဇာ (ယူရီးယား)အိတ် နှစ်အိတ်မှ သုံးအိတ်ခန့်နှင့် ညီမျှသော နိုက်ထရိုဂျင်ဓာတ်ကို သဘာဝအတိုင်း အလကားရရှိစေသည်။

**၂။ မြေဆီလွှာ၏ ရူပဂုဏ်သတ္တိနှင့် ဖွဲ့စည်းပုံကို ပြုပြင်ပေးခြင်း**

◆ ပိုက်ဆံလျှော်ပင်ကို မြေဆီလွှာအတွင်း ထွန်ယက်မြေမြှုပ်လိုက်သောအခါ ယင်းတို့သည် ရက်သတ္တပတ် အနည်းငယ်အတွင်း ဆွေးမြည့်သွားပြီး မြေဆီလွှာအတွက် မရှိမဖြစ်လိုအပ်သော အော်ဂဲနစ်ဓာတ် သို့မဟုတ် ဟူးမတ်စ် (Humus) များအဖြစ် ပြောင်းလဲသွားသည်။

◆ စေးပျစ်သောမြေစေးလွှာများတွင် မြေကြီးကို ပွလာစေပြီး လေဝင်လေထွက် ကောင်းမွန်စေကာ အမြစ်များ အလွယ်တကူ ထိုးဖောက်နိုင်စေသည်။

◆ သဲဆန်သော မြေပွများတွင် မြေစိုင်မြေခဲများကို စုစည်းပေးပြီး ရေနှင့် အာဟာရဓာတ် ထိန်းသိမ်းနိုင်စွမ်းကို မြင့်မားစေသည်။

**၃။ မြေအောက်နက်ရှိုင်းသော အာဟာရများကို ဆွဲတင်ပေးခြင်း**

ပိုက်ဆံလျှော်သည် ရေမြေအခြေအနေပေါ်မူတည်၍ အမြစ်များကို မြေအောက်နက်ရှိုင်းစွာ ထိုးဖောက်ဆင်းနိုင်သည်။ သမားရိုးကျသီးနှံများ မရရှိနိုင်သည့် မြေအောက်လွှာအနက်မှ ဖော့စ်ဖရပ်စ်နှင့် ပိုတက်စီယမ်အပါအဝင် အခြားသော အနည်းလိုအာဟာရဓာတ်များကို စုပ်ယူပြီး အပင်တွင်း သိုလှောင်ထားသည်။ ယင်းကို ပြန်လည်မြေမြှုပ်လိုက်သောအခါ ထိုအာဟာရများသည် နောက်စိုက်မည့် အဓိကသီးနှံ (ဥပမာ-စပါး)ရရှိနိုင်မည့် မြေပေါ်လွှာသို့ ရောက်ရှိလာသည်။

**၄။ ပေါင်းမြက်နှင့် ပိုးမွှားရောဂါများ သံသရာဖြတ်ခြင်း**

ပိုက်ဆံလျှော်သည် ကြဲပက်ပြီး ရက်အနည်းငယ်အတွင်း အပင်ပေါက်မြန်ဆန်ပြီး ရက်ပေါင်း ၄၀ အတွင်း လူတစ်ရပ်ကျော်ခန့်အထိ အုပ်ဆိုင်းစွာ ကြီးထွားနိုင်သည်။ ဤသို့ ထူထပ်စွာ လွှမ်းမိုးထားခြင်းကြောင့် ပေါင်းမြက်များ နေရောင်ခြည်မရဘဲ မပေါက်ရောက်နိုင်တော့သဖြင့် ပေါင်းသတ်ဆေးသုံးစွဲမှုကို လျှော့ချပေးနိုင်သည်။ ထို့အပြင် မြေဆီလွှာအတွင်းရှိ သီးနှံများကို ဖျက်ဆီးတတ်သော အပင်မြစ်ဖုကောင်များ ပွားများခြင်းကို တားဆီးပေးသည့် ဒြပ်ပေါင်းတစ်မျိုးကိုလည်း ထုတ်လွှတ်ပေးသည်။

◆ **အထွက်နှုန်းတိုးခြင်း။** သစ်စိမ်းမြေဩဇာ ထည့်သွင်းထားသော လယ်ယာမြေသည် မြေဆီဩဇာ ထက်သန်သည့်အတွက် စပါး သို့မဟုတ်အခြားသီးနှံ စိုက်ပျိုးလျှင် အထွက်နှုန်းကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်စေသည်။

◆ **မြေဆီလွှာ တန်ဖိုးတက်ခြင်း။** နှစ်စဉ်ပိုက်ဆံလျှော် စိုက်ပျိုးပေးသွားပါက နောင်နှစ်များတွင် ဓာတ်မြေဩဇာသုံးစွဲရမှု ပိုမိုနည်းပါးသွားပြီး မိမိတို့၏လယ်ယာမြေသည် နောင်လာနောက်သားများအထိ သားစဉ်မြေးဆက် စိုက်ပျိုးနိုင်မည့် မြေကောင်းမြေမွန်များအဖြစ် ကျန်ရှိနေမည်ဖြစ်သည်။

**အဖိုးတန်ရတနာတစ်ပါး**

ဓာတုပစ္စည်းများကိုသာ အလွန်အကျွံ အမှီပြုနေရသည့် စိုက်ပျိုးရေးစနစ်သည် ရေရှည်တွင် တောင်သူဦးကြီးများကို အကြွေးနွံနစ်စေပြီး လယ်ယာမြေများကို သဲကန္တာရသဖွယ် ဖြစ်စေပါလိမ့်မည်။

> ❑ **သစ်စိမ်းမြေဩဇာ ထည့်သွင်းထားသော လယ်ယာမြေသည် မြေဆီဩဇာ ထက်သန်သည့်အတွက် စပါး သို့မဟုတ် အခြားသီးနှံစိုက်ပျိုးလျှင် အထွက်နှုန်းကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်စေ**
>
> ❑ **ဓာတုပစ္စည်းများကိုသာ အလွန်အကျွံအမှီပြုနေရသည့် စိုက်ပျိုးရေးစနစ်သည် ရေရှည်တွင် တောင်သူဦးကြီးများကို အကြွေးနွံနစ်စေပြီး လယ်ယာမြေများကို သဲကန္တာရသဖွယ် ဖြစ်စေပါလိမ့်မည်။ သဘာဝတရားက ပေးထားသည့် အဖိုးတန်ရတနာတစ်ပါးဖြစ်သော ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာကို မိမိတို့ လယ်ယာမြေအတွင်း ထည့်သွင်းစိုက်ပျိုးခြင်းသည် မြေကြီးကို အသက်သွင်းခြင်းပင်ဖြစ်**

**ပိုက်ဆံလျှော် စနစ်တကျ စိုက်ပျိုးနည်းစနစ်နှင့် မြေမြှုပ်ခြင်း အဆင့်ဆင့်**

| အဆင့် | လုပ်ဆောင်ချက် | အသေးစိတ် ရှင်းလင်းချက် |
|---|---|---|
| ၁ | စိုက်ပျိုးရမည့်အချိန် | မိုးဦးကျအချိန် သို့မဟုတ် အဓိကသီးနှံ(မိုးစပါး) မစိုက်ပျိုးမီ ၄၅ ရက်မှ ရက်ပေါင်း ၆၀ အလိုတွင် စိုက်ပျိုးရပါမည်။ |
| ၂ | မျိုးစေ့နှုန်းထားနှင့် ကြဲပက်ခြင်း | တစ်ဧကလျှင် ပိုက်ဆံလျှော်မျိုးစေ့ လေးပြည်မှ ခြောက်ပြည် (ငါးတင်းခန့်)ကို ညီညာစွာ ကြဲပက်ရပါမည်။ သားခွဲထွန်စရာမလိုဘဲ အုပ်အုပ်ဆိုင်းဆိုင်း ပေါက်စေရပါမည်။ |
| ၃ | အကောင်းဆုံး မြေမြှုပ်ချိန် | အပင်သက်တမ်း ၄၅ ရက်မှ ၅၀ ရက်ဝန်းကျင် (အပွင့်ပွင့်ခါစ သို့မဟုတ် ၅၀ % ပွင့်ချိန်)သည် အပင်တွင် အသားဓာတ်နှင့် အာဟာရ အများဆုံးအချိန် ဖြစ်သည်။ အသီးသီးပြီး အစေ့ရင့်သည်အထိ မထားရပါ။ (အပင်ရင့်သွားပါက အမျှင်များပြားပြီး ဆွေးမြည့်ရန် ကြာမြင့်တတ်သည်)။ |
| ၄ | ထွန်ယက်မြေမြှုပ်ခြင်း | ပိုက်ဆံလျှော်ပင်များကို ထွန်စက် သို့မဟုတ် ထွန်ဖြင့် လဲလှယ်ပြီး မြေကြီးထဲသို့ သမအောင် ထွန်ယက်မြေမြှုပ်ရပါမည်။ |
| ၅ | ဆွေးမြည့်စေခြင်း | မြေမြှုပ်ပြီးနောက် မြေကွက်ထဲသို့ ရေအနည်းငယ်သွင်းလှောင်ကာ အပင်များ ပုပ်ဆွေးပြီး မြေဆီလွှာနှင့် တစ်သားတည်းဖြစ်စေရန် တစ်ပတ်မှ နှစ်ပတ် (၁၀ ရက်ဝန်းကျင်) စောင့်ဆိုင်းပြီးမှ အဓိကသီးနှံကို စတင်စိုက်ပျိုးရပါမည်။ |

**စိုက်ပျိုးစီးပွားရေးအမြင်ဖြင့် တွက်ချက်ကြည့်ခြင်း**

တောင်သူအချို့က ပိုက်ဆံလျှော်စိုက်ပျိုးခြင်းသည် သီးနှံမရဘဲ အချိန်ကုန်၊ မျိုးစေ့ဖိုးကုန်သည်ဟု ထင်မြင်တတ်ကြသည်။ သို့သော် ရေရှည်စီးပွားရေးအရ တွက်ချက်ကြည့်ပါက -

◆ **ကုန်ကျစရိတ် သက်သာခြင်း။** ပိုက်ဆံလျှော်မျိုးစေ့ဖိုးနှင့် ထွန်ယက်ခသည် ယနေ့ခေတ် အရည်အသွေးမြင့် ဓာတ်မြေဩဇာ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အဆပေါင်းများစွာ သက်သာသည်။

သဘာဝတရားက ပေးထားသည့် အဖိုးတန် ရတနာတစ်ပါးဖြစ်သော ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာကို မိမိတို့လယ်ယာမြေအတွင်း ထည့်သွင်းစိုက်ပျိုးခြင်းသည် မြေကြီးကို အသက်သွင်းခြင်းပင် ဖြစ်သည်။

သို့ဖြစ်၍ သွင်းအားစုစရိတ်ကို လျှော့ချပြီး မိမိတို့၏ လယ်ယာမြေများ ရေရှည်စိမ်းလန်းစိုပြည်ကာ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားလာစေရန်အတွက် တောင်သူဦးကြီးများအားလုံး “လယ်ယာမြေအတွင်း သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကို ယခုနှစ်မှစ၍ ပိုမိုစိုက်ပျိုးကြပါစို့” ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



မြစ်သားမြို့နယ်အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းဝင်း၌ ဇူလိုင် ၂၄ ရက်က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၅၅၀ ခန့်က ပျိုးပင်၄၄၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ ဝါဝါမြင့်(မြစ်သား)

## ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ မိုးရာသီဘောလုံးအားကစားပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပခုက္ကူ ဇူလိုင် ၂၅

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ပခုက္ကူပညာရေးဒီဂရီကောလိပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီ ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပရာ အနော်ရထာအသင်းနှင့် အလောင်းဘုရားအသင်းတို့ ယှဉ်ပြိုင်ကြပြီး အနော်ရထာအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိသည်။

မိုးရာသီအားကစားပြိုင်ပွဲအဖြစ် ဘော်လီဘော(ကျား/မ)၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဘောလုံးအားကစားပြိုင်ပွဲများကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၂၃ ရက်အထိ ကျင်းပပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ကျောင်းအုပ်ကြီး ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ ဘာမီသာ(ပခုက္ကူ)



## သာစည်မြို့နယ်၌ မိုးဝါများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှု



**သာစည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးရွာများရှိ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းများမှ အသင်းသားတောင်သူများက မိုးဝါများ စိုက်ပျိုးထားရာ ယင်းမရိုးကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားသော မိုးဝါများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဇူလိုင် ၂၂ ရက်က မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီဝင်းနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုပြီး အခက်အခဲနှင့်နည်းပညာများ လိုအပ်ပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။ ယင်းမရိုးကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသားတောင်သူများက မိုးဝါဧက ၁၈၀ စိုက်ပျိုးထားကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ဝေါမြို့နယ်၌ မိုးရာသီ ရေဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဝေါ ဇူလိုင် ၂၅**

ဝေါမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသည့် မိုးရာသီ ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၂၂ ရက်က ကွဲ့တဲစုကျေးရွာ မိုးယွန်းကြီး-ဖွဲ့ဘတ်တာ တာမိုင်(၈/၆) မိုးယွန်းကြီးရေပိုလွှဲအနီး၌ ကျင်းပရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်အောင်က ရေဘေးကာကွယ်ရေးနှင့် သတိပြုရမည့်အချက်များကို တက်ရောက်လာသူများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ရေဘေးကာကွယ်ရေးသရုပ်ပြခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများကို လက်တွေ့ပြသရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်တိုးဝင်း၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။



**မြို့နယ်(ပြန်/ဆက်)**

## ရွှေကျင်မြို့၌ ကြက်သားနှင့် ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး



**ရွှေကျင် ဇူလိုင် ၂၅**

ရွှေကျင်မြို့နယ် စည်ပင်သာယာရုံးအနီးရှိ မြေကွက်လပ်၌ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ကြက်သားနှင့် ကြက်ဥများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီက ကြီးကြပ်၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ဆက်သွယ်ကာ အပတ်စဉ်သောကြာနေ့ နံနက် ၈ နာရီမှစ၍ ရောင်းချပေးလျက်ရှိသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ရေနံချောင်းမြို့နယ်၌ ဌာနအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ရှင်းလင်း



**ရေနံချောင်း ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဌာနအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမြောက်မှု အခြေအနေများ ရှင်းလင်းခြင်းကို ဇူလိုင် ၂၁ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ဌာနအလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးမြောက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်းက ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် လမင်းစီမံချက်ဖြင့် ဆောင်ရွက်သည့် UID ကတ် ၃၈၅၆ ဦး၊ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၃၅၉၇ ဦးနှင့် အသက် ၁၈နှစ်ပြည့် ၂၅၉ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်များကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချိုမီအောင်(ပြန်/ဆက်)**

## မုဒုံမြို့နယ် ကော့ပရံကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်

**မုဒုံ ဇူလိုင် ၂၅**

မုဒုံမြို့နယ် ကော့ပရံကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက်က ရွှေဟသာ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းက ၂၀၂၆-၂၀၂၇ ခုနှစ်တွင် အိမ်ခြေ ၃၀၀ အတွက် မြေငှား ဂရန်ချထားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာရှိ ဒေသခံပြည်သူများအား မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ရာမည(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်



**ဓနုဖြူ ဇူလိုင် ၂၅**

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့နံနက်က အကျော်ကျေးရွာရှိ အကျော်ချောင်း သဘာဝရေပြင်၌ ကျင်းပရာ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ထိုင်ဝမ်ငါးခုံးမကောင်ရေ ၂၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်း ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု ရှင်းလင်း

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၅**

မော်လမြိုင်ကျွန်းမြို့နယ်၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သိကောင်းစရာများ ရှင်းလင်းခြင်းကို ဇူလိုင် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူး စိုးမိုးဦးက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သိရှိလိုသည်များကို မေးမြန်းကာ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ငြိမ်းငြိမ်းဝင်း၊ ညွှန်ကြားရေးမှူး၊ ပုသိမ်ခရိုင် ဒုတိယညွှန်ကြားရေးမှူးတို့က ဇူလိုင် ၂၃ ရက်တွင် ငပုတောမြို့နယ်စာရင်းစစ်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားစဉ်။ အောင်သူ(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇူလိုင် ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ ပြည့်ဖြိုး(ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးထွန်းနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦး ပါဝင်သောတပ်စုက မီးငြိမ်းသတ်ခြင်းနှင့် ငလျင်ဘေးသရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၂၃ ရက်က ဝမ်းတွင်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ WISE ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်စဉ်။ ကိုအောင်

## ဗဟန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးစစ်ဆေး၊ အသိပညာပေး

**ဗဟန်း ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ယမန်နေ့က ဗဟန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဇင်နွယ်ဦးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် စနစ်မှန် သွားတိုက်နည်းအား လက်တွေ့သရုပ်ပြသင်ကြားပေးခြင်း၊ ပဏာမမျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးအတွက် သန့်လေးသန့်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သင်းသင်းစိုး(ပြန်/ဆက်)**



## ဒိုက်ဦးမြို့နယ်၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချ

**ဒိုက်ဦး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြို့မဈေး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ကိုယ်တိုင် စိုက်ပျိုး/မွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များကို ယနေ့နံနက်က ဖွင့်လှစ်ရောင်းချခဲ့သည်။

အဆိုပါဆိုင်များတွင် အမဲ၊ ဝက်၊ ဆိတ်များအား သတ်မှတ်ဈေးနှုန်းဖြင့် လည်းကောင်း၊ စားသုံးဆီ၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဒေသကြက်၊ အသားစားကြက်၊ ကုန်စိမ်းများကို ဇူလိုင် ၁၈ ရက်မှစ၍ ပြင်ပဈေးနှုန်းထက်သက်သာသောဈေးနှုန်းဖြင့်လည်းကောင်း ပြည်သူများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စိုးထက်ကျော်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး

**ပွင့်ဖြူ ဇူလိုင် ၂၅**

ပွင့်ဖြူမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက ယမန်နေ့တွင် ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေးသည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသည့် ကျောင်းသား ကျောင်းသူ ၈၂ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပြီး ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်စိုးက လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## ချောင်းဆုံမြို့နယ်၌ ဒီရေတောပင်စိုက်ပျိုး

**ချောင်းဆုံ ဇူလိုင် ၂၅**

ချောင်းဆုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကော့မုပွန်ကျေးရွာ လှေဆိပ်၌ ကျင်းပရာ သစ်တောဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၂၀ က မာလာလူးကားပင် ၁၀၀၊ ဖြူးခြေထောက်ပင် ၁၀၀ စုစုပေါင်း ဒီရေတောပင် ၂၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၅**

ကျောက်ပန်းတောင်းမြို့နယ် ပိန္နဲတောကျေးရွာ ပြည်သူများအား ကျေးရွာ မြေငှားဂရန် ပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက်က အဆိုပါကျေးရွာ ဒို့ကျေးရွာ စာကြည့်တိုက်၌ ကျင်းပရာ ကော်လိတ္တော်အရာရှိ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက မြေငှားဂရန်(Lease)များသည် မိမိတို့၏ မြေယာ ပိုင်ဆိုင်မှုကို ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးမည့် အထောက်အထားတွင် ဂရန်စာချုပ်များ မပျက်စီးအောင် ထိန်းသိမ်းရန် ပြောကြားသည်။



ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကျေးရွာမြေငှားဂရန်များကို ဒေသခံပြည်သူ ၁၀၃ ဦးတို့အား ပေးအပ်ကြသည်။

**နေအောင်(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မြို့နယ်အဆင့် ကလေးသူငယ်အသိပညာပေး ဟောပြော

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မြို့နယ်အဆင့် ကလေးသူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁)ရပ်ကွက် သာသနဟိတကာရီဓမ္မာရုံ ရွှေစေတီဘုရားဝင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်က ကလေးသူငယ်ဆိုင်ရာဥပဒေအကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ရွာအတွင်းရှိ ကလေးသူငယ်အကျိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့ဝင်များ၊ ကလေးသူငယ် စုစုပေါင်း ၈၀ တို့ တက်ရောက်ကြောင်း သိရသည်။

**ဟန်နီ(ပြန်/ဆက်)**



နေပြည်တော် ဥတ္တရသီရိမြို့နယ် Nay Pyi Taw International School of Acumen (Main Campus)နှင့် KG ကျောင်းတို့၌ ဇူလိုင် ၂၃ ရက်က ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်နှင့် တပ်ဖွဲ့ဝင် ၂၀ တို့က ငလျင်ဘေးအန္တရာယ်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။ အောင်မျိုးဝင်း(ဥတ္တရ)

## မန္တလေး၌ ဘေးအန္တရာယ်ဆိုင်ရာ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကို ခရိုင်မီးသတ်ရုံး၌ ယမန်နေ့က ကျင်းပရာ မဟာအောင်မြေ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးက သင်တန်းသား ၅၀ အား သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။



အဆိုပါသင်တန်းသို့သင်တန်းသား ၅၀ တက်ရောက်ကာ သင်တန်းတွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကြုံတွေ့လေ့ရှိသော ဘေးအန္တရာယ်များ အကြောင်းနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များ၊ ခေတ်မီရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုခြင်းများအပြင် ဘေးအန္တရာယ် အမျိုးအစားအလိုက် လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သင်ခန်းစာများကို ရက်သတ္တ နှစ်ပတ်ကြာ သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**သက်ထက်**



ပြည်ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းသုံး စားအုန်းဆီ လစဉ်ခွဲတမ်းရရှိထားသော လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းခွင်အတွင်း အမှန်တကယ် အသုံးပြုခြင်း ရှိ/မရှိ သိရှိနိုင်ရန်အတွက် ခရိုင်စက်မှုလုပ်ငန်းသုံး စားအုန်းဆီ ထုတ်ယူဖြန့်ဖြူးမှုကြီးကြပ်ရေးအဖွဲ့က ဇူလိုင် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ အေးမိုး(ပြန်/ဆက်)

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရောင်းချရန် ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
## ပခုက္ကူခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၁)ရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄

ပထမပုဂ္ဂလိကဘဏ်လီမိတက် နှင့် ၁။ ဦးသက်ဆွေ
(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဦးစိန်ထွန်း ၂။ ဒေါ်သန္တာအောင်
နှင့် ဒေါ်ခင်မမကြီး)
(၎င်းတို့၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဒေါ်ယုယုခိုင်
နှင့် ချေးငွေတာဝန်ခံ ဒေါ်ခိုင်ခိုင်)
ဘဏ်ခွဲ(၈)၊ ပခုက္ကူဘဏ်ခွဲ၊ ပခုက္ကူမြို့။
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပခုက္ကူခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၃၀/၂၀၂၀ အမှုတွင် (၁၉-၁၁-၂၀၂၁) ရက်စွဲပါ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၄) ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် (၇)ရက်) နံနက် (၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်နိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ပခုက္ကူမြို့၊ စက်မှုဇုန်ရပ်ကွက်၊ မလိခ (၁၀)လမ်းရှိ အကွက်အမှတ် (၃၄၀-စိုတွင်းကွင်း)၊ ဦးပိုင်အမှတ် (၅၄၇)၊ ဧရိယာ (၀.၂၃၀)ဧကရှိ နှစ်(၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး - ကျပ်သိန်းပေါင်း (၁၂၀၀)**
**(ကျပ်သိန်းတစ်ထောင့်နှစ်ရာ)**

**အရောင်းကြော်ငြာ ပြန်သွင်းရန်ရက် - ၃-၈-၂၀၂၆**

လေလံရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့် ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကြေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပခုက္ကူခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 22W/44089 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/89723, Kamax-110(KZ),M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်း ၉/နထက(နိုင်)၁၀၅၀၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/24159, New Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုရည်နှင်း ၉/အမရ(နိုင်)၁၅၇၇၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၆)၊ ဦးပိုင်အမှတ် (၁၀၄)၊ ၆၇x၆၈ ကြား၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်လှထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၃၄၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇူးဇူးစန္ဒီကျော် ၅/မရန(နိုင်)၂၉၁၅၁၇က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၂၆၉/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်အမှတ်(၈၂)၊ ၆၀ X ၆၁ကြား၊ ၁၁၆ X၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဌေးထွန်း ၉/မရမ(နိုင်)၀၇၂၈၅၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၂၆၈/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၇၁)၊ မြေဧရိယာ (၂၃x၆၅)ပေ အကျယ်အဝန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်အခပြေစာ အခွန်ထမ်းအမှတ် ၀၂၃၄၀၄၆၀၊ အခွန်ထမ်းအမည်-ဒေါ်ညွန့်ရီ (ကွယ်လွန်)အမည်ဖြင့်တည်ရှိနေသော ခြံမြေနှင့် နှစ်ထပ်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား အမွေဆက်ခံသူသားသမီး (၅)ဦးမှ လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်မြင့်မြင့်သိန်းပါ (၅)ဦးထံမှ ဒေါ်စန်းယုမော် (၇/သနပ(နိုင်)၀၆၈၁၅၄) သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းနေအိမ်ခြံနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါနေအိမ်ခြံအား ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စန်းယုမော် (၇/သနပ(နိုင်)၀၆၈၁၅၄)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသဲမောင်ကြည် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊စံပယ်လမ်း၊(၃/က)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ -၇၉၅၇၆၈၉၄၄၊ ၀၉ -၄၄၀၂၆၇၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၂၃)လမ်း၊ မြေကွက်အမှတ်(L-၂၄၀)၊ အလျား x အနံပေ(၄၀x၆၀) အကျယ်ရှိ ဦးစန်းဝင်းအမည်ပေါက် မြေကွက်အနက် ပေ (၂၀ x ၆၀) (ခြေရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်တိုးတိုးခိုင် (ဘ)ဦးကြည်(၁၂/သဃက(နိုင်)၀၄၂၉၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းနုနုခိုင်(ဘ)ဦးစံထွန်းမောင်(၁၂/ဆကန(နိုင်)၀၀၂၆၇၆)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇာနည် | ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင် | ဒေါ်ခင်သီတာမြင့်အောင် |
|---|---|---|
| (LL .B, DBL, DIPL, DIL) | (LL.B,DIPL) | (LL.B,DBL) |
| ( စဉ်-၁၄၆၆၈) | (စဉ်-၁၈၇၂၆) | (စဉ်-၂၀၀၇၈) |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း - ၀၉- ၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ညောင်ပင်ဝိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်- ၃/ညောင်ပင်ဝိုင်း၊ ဧရိယာ (၀.၀၈၂) ဧကကျယ်ဝန်းသော အလျားပေ (၆၀)x အနံ ပေ (၆၀)၊ မြေကွက်အမှတ်-၁၄၇၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သူဇာအမည်ဖြင့်တည်ရှိသော မြေကွက်အား ဒေါ်သူဇာထံမှ(၂၇-၄-၂၀၂၆)ရက်စွဲပါ "မြေကွက်နှင့် ယင်းမြေကွက် ၏ အကျိုးခံစားခွင့် အရပ်ရပ်အား နှစ်ဦးသဘောတူအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဦးသက်လွင်တင့် (၁၀/မလမ(နိုင်)၁၅၆၀၉၀)မှ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဝန်ခံကတိပြုသဖြင့် ဦးသက်လွင်တင့်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်ဝင်းမွန်မွန်သူ (စဉ်-၉၉၄၆) | ဦးကျော်မျိုးသူ (စဉ်-၁၁၃၅၃) |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| ဦးသိန်းဇော်ထွန်း (စဉ်-၅၄၇၅၀) | ဦးအောင်သက်နိုင် (စဉ်-၅၄၇၈၁) |

**အထက်တန်းရှေ့နေများ**
**အမှတ်-(၇၆/၇၇)၊ တောင်ထိပ်ပန်းလမ်း၊ (၂၉)ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ (၂)၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၀၆၀၉၂၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို (၃၄)လမ်း၊ မြေကွက်အမှတ် (K-၈၅)၊ အလျား x အနံပေ(၄၀ x ၆၀) အကျယ်ရှိ မမြင့်မြင့်စိန် အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခိုင်ဝေမွန် (ဘ)ဦးဝင်းကြည် (၁၂/ဗဟန(နိုင်) ၀၈၉၁၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိမိုး(ဘ)ဦးရင်လှ (၁၄ /ပတန(နိုင်)၀၈၄၂၈၄)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇာနည် | ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင် | ဒေါ်ခင်သီတာမြင့်အောင် |
|---|---|---|
| (LL .B, DBL, DIPL, DIL) | (LL.B,DIPL) | (LL.B,DBL) |
| ( စဉ်-၁၄၆၆၈) | (စဉ်-၁၈၇၂၆) | (စဉ်-၂၀၀၇၈) |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း - ၀၉- ၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၃)၊ အကွက်အမှတ်နှင့်အမည် (၄၆/ဗိုလ်ကုန်းအရှေ့ပိုင်း)၊ ဦးပိုင်အမှတ် (၉/၂)၊ မြေကွက်အမှတ်(26/72)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိမြေကွက်အား ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၂၁-၁၂-၂၀၂၃ရက်စွဲပါ အမှုတွဲအမှတ် (၂၇၇/၂၀၂၃)အရ ဒေါ်စောမြနှင်းအမည်ဖြင့် နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်စောမြနှင်းထံမှ ဦးတင်မောင်အေး၊ ဒေါ်စိန်သွင်တို့သည် ကလောမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၂၇-၁၁-၂၀၂၅ရက်စွဲပါ စာချုပ်အမှတ်(၂၀၈/၂၀၂၅)အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးတင်မောင်အေး(၁၂/လမန(နိုင်) ၀၂၄၈၄၆)၊ ဒေါ်စိန်သွင်(၁၂/လမန(နိုင်)၀၃၃၀၂၁)တို့အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကလောမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၊ ဦးပိုင်အမှတ် ၃၆-ခ/၄၀ X၄၁လမ်းကြား၊ ၅၇X၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ YONE SHWIN(ခ) ဦးရုံးရှွင် ၁/မကတ(ဧည့်)၀၀၀၆၄၈က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ် ၂-က၊ ၃၉လမ်း၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းသန်းသန်းအေး ၁၃/ကမန(နိုင်)၀၁၁၅၅၈၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၁၄၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီလွင် ၁၃/လရန(နိုင်)၂၃၃၈၅၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် (ဆ-၃)၊ ဦးပိုင်အမှတ်၁၉၊ ၆၉ X၇၀ ကြား၊၁၀၇X ၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်မြင့် ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၃၉/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝေဝေမြင့် ၉/မရမ(နိုင်)၀၁၃၈၃၆က အမှုတွဲအမှတ် (၁၂၆၂/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၂၊ ဦးပိုင်အမှတ် ၃၆ ခဲစင်းအရှေ့ဘက်ခြမ်း/၄၇x၄၈ လမ်းကြား၊ ၁၁၁x ၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်ရီ ၉/မရမ(နိုင်) ၀၄၃၆၉၃က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၉)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)Grade-11မှ မောင်နိုင်လင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွေး ၁၂/ကခက(နိုင်)၀၇၀၇၆၉ ဖြစ်ပါကြောင်း။

**ဦးအောင်ထွေး**
**၁၂/ကခက(နိုင်) ၀၇၀၇၆၉**

## ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပါရန်

၁၉-၇-၂၀၂၆ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၂၇ ရှိ အမှတ် (၅၁၃/၃)၊ ဦးပိုင် (၄၃၄-က) ကြော်ငြာစာတွင် အမည်ပြောင်းအစား သက်တမ်းတိုးအမည်ပြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/81924, Luojia -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီမာ ၁၄/မမန(နိုင်) ၂၄၄၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၁၉)၊ အကွက်အမှတ်(၄၇/မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ် (၁၂/က)၊ မြေဧရိယာ (၀.၂၁၇)ဧက မြေငှားဂရန်အမှုတွဲအမှတ် ၃၅၇-၅/၂၀၂၅-၂၀၂၆ (အေ) အမည်ပေါက် မြေကွက်အား ဦးအိုက်မောင်(ခ)အိုက်ချန် ၁၃/လရန(နိုင်)၁၃၆၃၄၄ မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစာရွက်စာတမ်း ခိုင်လုံစွာဖြင့် ရက်ပေါင်း(၃၀)အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးအိုက်မောင်(ခ)အိုက်ချန် အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၆)၊ နယ်မြေ(၁၁)၊ အကွက်အမှတ်(၅၀/ပန်အုပ်ရပ်)၊ ဦးပိုင်အမှတ် (၂၃/င+၇၀/ခ)၊ ဧရိယာ (၀.၀၉၅)ဧက၊ မြေဂရန်အမှုတွဲအမှတ် ၆၉၅-၅/၂၀၁၉-၂၀၂၀၊ ဒေါ်ရှောက်ပေ ၁၃/လရန(နိုင်)၀၆၁၁၃၈ အမည်ပေါက်အိမ်မြေ ကွက်အား ဒေါ်ရှောက်ပေ ကွယ်လွန်ပြီးနောက် ၎င်း၏ သားသမီးများဖြစ်ကြသည့် ဦးလူမော်(ခ)တန်ရင်ဖူ ၁၃/လရန(နိုင်)၀၆၁၄၅၀၊ ဒေါ်ရင်မေ(ခ)ထန်ရင်မေ(ခ)တန်ရင်မေ ၁၃/လရန(နိုင်)၀၆၅၅၁၁၊ ဒေါ်ရင်ဆွေ(ခ)ရှောက်ကိုင် ၁၃/လရန(နိုင်)၀၆၁၃၆၁ ဦးအားဖူ ၁၃/လရန(နိုင်)၀၆၁၁၀၆၊ ဦးဖူကွေး ၁၃/လရန(နိုင်)၀၆၁၁၀၅၊ ဦးထွန်းမြင့် ၁၃/လရန(နိုင်)၀၉၈၀၀၀တို့မှ စာချုပ်အမှတ် (၁၁၄IV/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့၍ ကျန်မောင်နှမများမှ ဦးအားဖူထံသို့ စာချုပ်အမှတ် ၁၉၂I/၂၀၂၆ စွန့်လွှတ်ပေးပြီးဖြစ်သဖြင့် ဦးအားဖူအမည်ဖြင့် အမည်ပြောင်းလဲပေးနိုင်ပါရန် လျှောက်ထားလာရာကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးအားဖူအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊လားရှိုးမြို့**

## အလိမ္မာ စာမှာရှိ

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ၂၀၂၆ - ၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီးမြိတ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါ သည်။

(က) ဆေးဝါးနှင့် ဆေးပစ္စည်းများ

(ခ) ဓာတ်ခွဲခန်းနှင့် ဓါတ်မှန်ခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ

(၂) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၇-၇-၂၀၂၆ရက် (တနင်္လာနေ့)
**စတင်ထုတ်ယူရမည့်နေ့ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၈-၂၀၂၆ရက်(တနင်္ဂနွေနေ့) ညနေ (၄:၀၀)နာရီ

(၃) တင်ဒါလျှောက်လွှာ စည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၂၇-၇-၂၀၂၆ ရက်မှ ၉-၈-၂၀၂၆ ရက်အထိ ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် တင်ဒါလျှောက်လွှာသတ်မှတ်ဈေးနှုန်းအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့**
**ဖုန်း-၀၅၉-၄၂၀၃၄**

## အမည်ပြောင်း

ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာနေ ဦးလင်းဇော်ဦးနှင့် ဒေါ်ကေသီလွင်တို့၏သား အခြေခံပညာမူလတန်းကျောင်း၊ Grade-2 မှ မောင်ဖြိုးပြည့်စုံဖူးအား ယနေ့မှစ၍ မောင်ဖြိုးပြည့်စုံဟိန်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးပြည့်စုံဟိန်း**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-12 မှ မနန်းဟေမာန်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ချစ်သွေး ၁၀/ပမန(နိုင်)၁၅၀၁၅၈ ဖြစ်ပါကြောင်း။

**ဦးအောင်ချစ်သွေး**
**၁၀/ပမန(နိုင်)၁၅၀၁၅၈**

## မိခင်အမည်မှန်နှင့် မှတ်ပုံတင်အမှတ်အမှန်

မြိတ်မြို့၊ မြို့မ(၂)ရပ်၊ အေးချမ်းလမ်းနေ မောင်ရန်လင်းကြယ်၆/မမန(နိုင်)၂၉၂၁၇၂နှင့် ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-11မှ မကြယ်စင်ဖူး ၆/မမန(နိုင်) ၂၈၂၅၃၂တို့၏မိခင် ဒေါ်နွယ်နီအေး ၆/မမန(နိုင်)၁၅၃၄၀၀၏ အမည်မှန်နှင့်မှတ်ပုံတင်အမှတ်အမှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်နွယ်နွယ်အေး ၆/မမန(နိုင်)၁၅၃၄၀၆ ဖြစ်ပါကြောင်း။ **ဒေါ်နွယ်နွယ်အေး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (CC/ မြနန္ဒာ)၊ ဦးပိုင်အမှတ် (၁၁)၊ မြေဧရိယာ (၀. ၀၈၃) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်အလီ (၉/မမန(နိုင်)၀၁၈၆၃၁) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၁၁-ဃ/ဈေးရပ်၊ ဦးပိုင်အမှတ် ၅၅-က၊ မြေကွက်အမှတ်၊ ၅/၅၉၊ မြေဧရိယာ (၀.၀၉၅) ဧကသည် ဒေါ်ခင်အေးမူအမည်ဖြင့် ၁၇-၆-၁၉၉၆ ရက်မှ ၁၆-၆-၂၀၂၆ ရက်အထိ နှစ် (၃၀) မြေငှားဂရန်ရရှိထားပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံကို ၄-၆-၂၀၂၆ ရက်တွင် ဒေါ်ခင်အေးမူထံမှ ဦးမောင်ညိုပါ(၂)ဦးက တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်၍ မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြည်မြို့၊ နဝင်းရပ်ကွက်(ယခု-ပြည်သာယာရပ်ကွက်)၊ သံတစ်ချောင်းလမ်းတွင် တည်ရှိသော အကွက်အမှတ်နှင့်အမည်-၄/နဝင်း၊ ဦးပိုင်အမှတ်-၅၂၅ᵃ၊ မြို့မြေအမျိုးအစား၊ ဧရိယာ(၀.၀၈၁)ဧကရှိသော ဂရန်မြေအကျိုးခံစားခွင့်ရရှိထားသည့် မြေကွက်အနက်မှ မျက်နှာစာ(၃၀)ပေ x ဘေးဘက်အရှည်(၅၅)ပေခန့် (၀.၀၃၈ ဧက)ရှိသောမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးကျင်စိန်၏ အမည်ဖြင့် အမည်ပေါက်ထွက်လျက်ရှိပြီး၊ ဦးကျင်စိန်၏ သမီးဖြစ်သူ ဒေါ်ပွင့်ပွင့်(၇/ပမန(နိုင်)၁၁၃၈၈၅)မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ဖြင့် ဒေါ်နန်းလှအေး(၁၃/နခန(နိုင်)၀၆၅၉၇၀)ထံသို့ ရောင်းချထားရာ ဒေါ်နန်းလှအေးမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာသည့်အတွက် ၎င်းထံမှ ဒေါ်မေသရဖူဇွန် (၇/သကန(နိုင်) ၁၁၄၂၁၁)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ကျွန်မထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသည့်ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသရဖူဇွန်**
**အမှတ်(၅၅)၊ လမ်းမတော်လမ်း၊ သဲကုန်းမြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် (၄၉၂-က)၊ ဦးပိုင်အမှတ် (၅-ဌ)၊ ၅၆လမ်း၊ ၂၃ လမ်းနှင့် ငါးလုပ်ငန်းဦးစီးဌာနကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်သန်းဌေးထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၀၇၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ကြည်ရွှေ ၉/ပကခ(နိုင်)၀၃၉၆၉၇က အမှုတွဲအမှတ် (၁၂၇၉/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၂၊ ဦးပိုင်အမှတ် ၅၃၊ ၃၃Bလမ်း၊ ၇၂ x ၇၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နန်းခမ်းနွန်း ၉/မရမ(နိုင်)၀၄၆၅၇၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၁၄၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သူဇာဌေး ၅/ကလတ(နိုင်)၀၀၀၀၅၄က ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၃၊ ဦးပိုင်အမှတ် ၉၀-ခ/၃၃Bလမ်း၊ ၇၃x ၇၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းနိုင် ၉/မရမ(နိုင်)၀၃၆၀၈၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

